# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်၊ ကြာသပတေးနေ့။ Thursday, 31 August 2023 ၁၁၂၀၄


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်အောင် ရည်မှန်းချက်ထားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

# လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် ပညာရည်မြင့်မားနေရန်လို ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်သွားရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သော သုတေသနလုပ်ငန်းများ ပြုလုပ်ရန်လိုအပ် စာမျက်နှာ » ၄

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် အထက(၁၁)၌ ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြော စာမျက်နှာ » ၈

ရထားဥသြသံညံစေချင် တို့မြန်ပြည်တစ်ခွင် ဆောင်းပါး စာမျက်နှာ » ၁၀

ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း စာမျက်နှာ » ၁၁

မိုးညှင်းမြို့နယ်တွင် မိုးကြိုနှမ်းများ ရိတ်သိမ်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ် စာမျက်နှာ » ၁၈

## ကြေးမုံ

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခု ဝါခေါင်လပြည့်နေ့ဖြစ်သည်။ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု အစဉ်အလာအားဖြင့် အထွတ်အမြတ်ထားခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မေတ္တာသုတ်တော်ကို ထုတ်ဖော်ဟောကြားခဲ့သည်တို့နှင့်စပ်လျဉ်း၍ မေတ္တာအခါတော်နေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။ မေတ္တာအခါတော်နေ့တွင် မေတ္တာသုတ်တော်ကို လွှမ်းခြုံဖြန့်ကြက်၍ မြန်မာပြည်တစ်ဝန်းလုံး ဘေးမသန်းဘဲ ငြိမ်းချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အခါက ရဟန်းတော်ငါးရာတို့သည် ဝါဆိုဦးအခါ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားများဆောင်ယူ၍ သပ္ပာယမျှတသည့် တောအုပ်တစ်ခုတွင် ပုရိမဝါဆိုကာ တရားအားထုတ်ကြလေသည်။ ထိုအခါ ရဟန်းတော်များ၏ သီလဘုန်းကံကြောင့် သစ်ပင်ဗိမာန်ထက်မှ ဆင်းပေးရသည့် နတ်အချို့က ရဟန်းတော်များ ထွက်ပြေးစေရန် ရည်ရွယ်လျက် အနံ့ဆိုးများလွှတ်ခြင်း၊ အသံဆိုးများဖြင့် အော်ဟစ်ခြင်းစသည့် ကြောက်မက်ဖွယ်ရာ အကြောင်းအခြင်းမျိုးစုံပြုလုပ်၍ ခြောက်လှန့်ခြင်းတို့ကို ပြုလုပ်လေသည်။

နတ်တို့၏နှောင့်ယှက်မှုများကြောင့် ရဟန်းတော်ငါးရာတို့သည် တရားရှုမှတ်၍မရတော့ဘဲ ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။ ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်ထံသို့ ဆိုက်ရောက်ကြပြီး ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို လျှောက်ထားကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းတော်များ မေတ္တာကမ္မဋ္ဌာန်းမပွားကြသည့်အတွက် ရုက္ခစိုးနတ်များနှင့် ရင်းနှီးမှုမရှိ၊ ချစ်ကျွမ်းမဝင်ဖြစ်ကာနှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြ၍ ရဟန်းငါးရာတို့အား မေတ္တာကမ္မဋ္ဌာန်းသင်ပြပေးတော်မူသည်။

ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ ပြန်လာကြပြီး ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် ပစ္ဆိမဝါ (ဒုတိယဝါ)ကပ်ကြသည်။ မြတ်စွာဘုရားရှင်သင်ပြသည့်အတိုင်း ရုက္ခစိုးနတ်များနှင့်တကွ အားလုံးသောသတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်ကြက်ပို့လွှတ်ကြသည်။ ရဟန်းတော်တို့ ပို့လွှတ်သောမေတ္တာဓာတ်ကြောင့် နတ်များ ချစ်ခင်ကြည်ညိုလာသည်။ ရုက္ခစိုးအပေါင်း ပြုစုစောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်းတော်ငါးရာတို့ ရဟန္တာဖြစ်လာကြသည်။ ရဟန်းတော်ငါးရာတို့ကို ဝါခေါင်လပြည့်နေ့၌ မေတ္တာသုတ် ဟောကြားပေးသည်ကို ရည်ရွယ်၍ ဝါခေါင်လပြည့်နေ့ရောက်တိုင်း မေတ္တာအခါတော်နေ့အဖြစ် ပူဇော်ကြသည်။

“မေတ္တာခြုံ လုံခြုံ၊ မေတ္တာလွှမ်း အေးချမ်း” ဆိုသကဲ့သို့ ထူးမြတ်သည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော မေတ္တာသုတ်တရားတော်ကို ရွတ်ဖတ်ပွားများ ပူဇော်ကြခြင်းဖြင့် ဘေးဘယာများကင်းဝေးပြီး အေးချမ်းသာယာမှုအပေါင်းရရှိကာ ကောင်းကျိုးများကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။ ‘မေတ္တာတရားသည် နေရာတိုင်း၌ ထွန်းတောက်ပါစေသတည်း’ ဟူသော အဓိဋ္ဌာန်ဖြင့် ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီတော် မေတ္တာဗျူဟာအဖွဲ့၏ ဝါခေါင်လပြည့်နေ့အပါအဝင် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ခဲ့မှုများသည် နမူနာယူစရာဖြစ်သည်။

နှစ်စဉ် ဇန်နဝါရီလမှ ဇွန်လအထိ မေတ္တာသုတ်တော်လာ နည်းပေါင်း ၅၆၁ နည်းဖြင့် မေတ္တာဓာတ်များ ဖြန့်ဝေပို့လွှတ်သည်။ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ပဋိသမ္ဘိဒါမဂ်နည်းပေါင်း ၅၂၈ သွယ်ဖြင့် ဝေနေယျသတ္တဝါအပေါင်းတို့အပေါ် မေတ္တာဓာတ်များ ဖြန့်ဝေပို့လွှတ်ခဲ့ကြသည်။ မေတ္တာအခါတော်နေ့ကို တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ကျင်းပနိုင်အောင် ဆောင်ရွက်ခြင်းမျိုးမဟုတ်သော်လည်း ဗိုလ်တထောင်စေတီတော်၏ မေတ္တာဗျူဟာအဖွဲ့က ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အား အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းကို အသိအမှတ်ပြု သာဓုခေါ်ဆိုရမည်ဖြစ်သည်။ မေတ္တာအခါတော်နေ့ကို ဝါခေါင်လပြည့်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူဇော်နိုင်ကြမည်ဆိုလျှင် မြန်မာပြည်တစ်ဝန်း ဘေးမသန်းဘဲ အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်မည်မှာ ဧကန်ဖြစ်သည်။

သို့ဖြစ်ရာ မေတ္တာတရားများ ခေါင်းပါးလာသော မျက်မှောက်ကာလတွင် လူအချင်းချင်းနှိပ်စက်ခြင်းကင်းဝေးပြီး ဒေါသ၊ မောဟ၊ မာန်မာနများ ပါးလျားလျော့ပါးကာ အများသူငါသတ္တဝါတို့အပေါ် ကိုယ်နှင့်ထပ်တူ ချမ်းသာစေလိုသည့် မေတ္တာတရားများ ထွန်းကားလာအောင် ဤဝါခေါင်လပြည့်နေ့တွင် မေတ္တာတရားများ လွှမ်းခြုံပို့လွှတ်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်) ဦးကရင်လဂျာကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်



Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် အစီး ၁၀၀ နှင့် လျှပ်စစ်သုံး သုံးဘီးမော်တော်ဆိုင်ကယ် ၂၆ စီးတို့သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း အဆိုပါလျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းနှင့် ရဲမွန်ကျေးရွာ၊ ခေတ်မီစံပြကျေးရွာ ဆိုင်းဘုတ်တင်ခြင်းအခမ်းအနား ကျင်းပ

**လှည်းကူး ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ခေတ်မီစံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက် ၈ နာရီခွဲက ရဲမွန် - ကညင်ကုန်း ကုန်ထုတ်လမ်းဘေးဝဲ/ယာ၌ ကျင်းပသည်။

**စိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသနေပြည်သူများက မန်ကျည်းရှားပျိုးပင် ၂၅၀ ကို စိုက်ပျိုးခဲ့သည်။

ထို့နောက် ရဲမွန်ကျေးရွာ ဆိုင်းဘုတ်တင်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူတို့က ရဲမွန်ကျေးရွာ၊ ခေတ်မီစံပြကျေးရွာ ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

မြင့်ဦး

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင့်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၄၀၀ | ၉၁၆ | ၈,၆၁၃,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၆၇၂ | ၅,၃၃၂,၈၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၆၆ | ၅၂၈,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၅၀၆ | ၂,၄၉၇,၁၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၀ | ၂၄,၅၀၀ |
| EFR | ၂,၃၅၀ | ၂,၃၀၀ | ၆၄၂ | ၁,၄၇၅,၅၅၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၀၁ | ၉၈၄,၈၀၀ |
| MAEX | ၁,၈၅၀ | ၁,၉၀၀ | ၁,၃၇၄ | ၂,၅၈၂,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

## နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် အစိုးရသစ်၏ ပထမဆုံးအစည်းအဝေးဟု ဆိုနိုင်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်မှာ နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်အောင်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် လူတိုင်းကျန်းမာရေး ကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ရန်နှင့် အလုပ်အကိုင်များရရှိပြီး လူတိုင်းဝင်ငွေရရှိအောင်၊ ဆင်းရဲမွဲတေမှုလျှော့ချနိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်**ကြောင်း၊ တစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်ရန်လိုကြောင်း။

ဆင်းရဲမွဲတေမှုများ လျှော့ချရေးကို ဒီမိုကရေစီအစိုးရပထမသက်တမ်းမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းရဲမွဲတေမှုလျှော့ချ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် ပညာရည်မြင့်မားနေရန်လိုကြောင်း၊ ယေဘုယျအားဖြင့် မြို့ပေါ်နေပြည်သူအများစုမှာ အတန်းပညာတတ်မြောက်မှုမြင့်မားပြီး ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများရှိ ပြည်သူများ၏ အတန်းပညာတတ်မြောက်မှုမှာ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများရှိပြည်သူများ အတန်းပညာတတ်မြောက်မှုမြင့်မားလာစေရေး ရည်ရွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်က တစ်နိုင်ငံလုံးစာမတတ်မြောက်သူ ပပျောက်ရေးအတွက် “အ” သုံးလုံးသင်တန်းများကို ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယခုအခါတွင်လည်း ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ ပြည်သူများအားလုံး စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘာသာစကားအခက်အခဲများရှိနိုင်သည်ဖြစ်သော်လည်း အခြေခံမှတစ်ဆင့် စာတတ်မြောက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စာတတ်အောင်ပြုလုပ်ပြီးမှ အတန်းပညာမြင့်မားရေးကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးမှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်ကြောင်း၊ ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝင်ငွေရသည့် စီးပွားရေးလုပ်ငန်းအောင်မြင်မှသာ စားသောက်နေထိုင်ရေးအတွက် သုံးစွဲနိုင်ပြီး ကျန်းမာရေးအတွက် ကိုယ်ခံစွမ်းအားများ ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးကိုဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတိုးတက်စေရေး နှစ်အလိုက်အဆင့်ဆင့် ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

☆ **နိုင်ငံတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် လူတိုင်းကျန်းမာရေး ကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ရန်နှင့် အလုပ်အကိုင်များရရှိပြီး လူတိုင်းဝင်ငွေရရှိအောင်၊ ဆင်းရဲမွဲတေမှုလျှော့ချနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်**

☆ **ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်၊ ဝင်ငွေရသည့် စီးပွားရေးလုပ်ငန်းအောင်မြင်မှသာ စားသောက်နေထိုင်ရေးအတွက် သုံးစွဲနိုင်ပြီး ကျန်းမာရေးအတွက် ကိုယ်ခံစွမ်းအားများ ကောင်းမွန်စေမည်**

ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်နှင့်လျော်ညီသည့် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းမှတစ်ဆင့် နည်းပညာနှင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့် ပေါင်းစပ်ထုတ်လုပ်သွားမည်ဆိုပါက တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေးလုပ်ငန်းများတွင် အခြေခံအကျဆုံး လုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများတိုးတက်ကာ ပြည်သူများ၏ စီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ကျန်းမာရေးနှင့် စားသောက်နေထိုင်ရေးတို့ကို မြှင့်တင်လာနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများရှိပြီး ပန်းတိုင်ရည်မှန်းချက်များရှိပြီးဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများအလိုက် ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်ထုတ်လုပ်နိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ရည်မှန်းချက်များအတိုင်း အပြည့်အဝဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် လျှော့ချရပ်ဆိုင်းခဲ့ရသည့် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စက်ရုံများရှိ လက်ရှိစက်စွမ်းအားများအပေါ်မူတည်၍ ထုတ်လုပ်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပုဂ္ဂလိက ကုန်ထုတ်လုပ်မှုများကိုလည်း စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်းပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လိုအပ်ချက်ရှိသဖြင့် ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ တစ်ဆက်တည်း သီးထပ်စွမ်းအားကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးအနေဖြင့် လုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

☆ **INGO နှင့် NGO အဖွဲ့များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နေ**

☆ **အချို့သော ပြည်ပအကူအညီများသည် INGO၊ NGO များမှတစ်ဆင့် မျှဝေဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့ကို အကူအညီပေးနေသည့် အဖွဲ့အစည်း၊ နိုင်ငံများက အသုံးချနေမှုများရှိ**

☆ **နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့် လုပ်ဆောင်မှုများ၊ ရေးသားထုတ်ဝေမှုများ၊ ထုတ်လွှင့်မှုများ မရှိစေရေးအတွက်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် လူမှုကွန်ရက် စသည့်နယ်ပယ်များအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်**

## စာရင်းဇယားများ တိကျမှန်ကန်ရေး အလေးထားဆောင်ရွက်

လုပ်ငန်းများဆောင်ရွက်ရာတွင် မှားယွင်းမှုများ အနည်းဆုံးဖြစ်စေရေး တိတိကျကျဖြင့် ဆောင်ရွက်ရန်နှင့် စာရင်းဇယားများ မှန်ကန်မှုများရှိစေရေးကိုလည်း စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်မှုရှိမှသာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တင်ပြသည့် စာရင်းဇယားအချက်အလက်များသည် မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံး မှန်ကန်မှုရှိမှသာလျှင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သုံးသပ်သိရှိနိုင်မည်ဖြစ်ပြီး သုံးသပ်မှုမှန်ကန်မှသာလျှင် မှန်ကန်သည့် ဆုံးဖြတ်ချက်များနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးမှ အလေးထားစဉ်းစားသုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးတွင်းကာလအတွင်း လမ်းများပျက်စီးမှုများရှိခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်လိုကြောင်း၊ မည်သည့်လမ်းအမျိုးအစားဖြစ်စေ ပွင့်လင်းကာလအတွင်း ခရီးသွားပြည်သူများ ချောချောမွေ့မွေ့ဖြင့် သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်အောင် ဆောင်ရွက်ရန်လို

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုသာမက ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဝန်ဆောင်မှုလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းလည်း ပါဝင်ကြောင်း၊ ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာပြီဖြစ်ကြောင်း၊ ခရီးသွားများများပြားလာမှုနှင့်အညီ ခရီးသွားလုပ်ငန်းများအတွက်လိုအပ်သည့် တည်းခိုရေး၊ နေထိုင်စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း လည်ပတ်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ခရီးသွားလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံအတွက် အကျိုးရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက်လည်း စားသောက်နေထိုင်မှုများ သပ်ရပ်ကောင်းမွန်နေစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မီဒီယာကဏ္ဍမှလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လူမှုကွန်ရက်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းများအတွက် ဆွဲဆောင်မှုများရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်သွားရန်လိုကြောင်း၊ လာရောက်သည့် ခရီးသွားများအနေဖြင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းများကို မြင်တွေ့သွားနိုင်ရေးနှင့် ဝန်ဆောင်မှုများကိုရရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**စဉ်ဆက်မပြတ်တာဝန်ထမ်းဆောင်နိုင်ရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေရန် လိုကြောင်း၊ အရာထမ်း၊ အမှုထမ်းများ ခန့်အပ်တာဝန်ပေးရာတွင်လည်း အဆင့်အလိုက် လုပ်ငန်းအတွေ့အကြုံများအပေါ်မူတည်၍ ရာထူးတာဝန်များ ပေးအပ်ထားခြင်းဖြစ်ပြီး ၎င်းတို့၏ အရည်အသွေးများ တိုးတက်စေရေး အဆင့်လိုက်သင်တန်းများ တက်ရောက်လေ့ကျင့်စေလျက်ရှိကြောင်း၊ သင်တန်းများစေလွှတ်ရာတွင် ပြည်တွင်းသင်တန်းများကိုသာမက ပြည်ပသင်တန်းများကိုလည်း စေလွှတ်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားရန်လိုကြောင်း။

ဌာနအလိုက် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအားလုံးကို ကျွမ်းကျင်နားလည်နေရန်နှင့် တိတိကျကျလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားပြီး စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဌာနအပေါ် စေတနာထားရန်နှင့် မိမိတို့နိုင်ငံအပေါ် စေတနာထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသည်နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို မထိခိုက်စေရေး ကြပ်မတ်ဆောင်ရွက်**

INGO နှင့် NGO အဖွဲ့များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ အချို့သော ပြည်ပအကူအညီများသည် INGO၊ NGO များမှတစ်ဆင့် မျှဝေဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့ကို အကူအညီပေးနေသည့် အဖွဲ့အစည်း၊ နိုင်ငံများက အသုံးချနေမှုများရှိကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့် လုပ်ဆောင်မှုများ၊ ရေးသားထုတ်ဝေမှုများ၊ ထုတ်လွှင့်မှုများ မရှိစေရေးအတွက်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် လူမှုကွန်ရက်စသည့်နယ်ပယ်များအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်မှုရှိစေရေး၊ တိုင်းပြည်ကောင်းစေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ပဋိပက္ခဒဏ်ခံစားနေရသော ဒေသများရှိ တိုက်ပွဲရှောင်နှင့် ဒေသခံပြည်သူလူထုအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာနယ်မြေများမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များကိုယ်တိုင် လက်တွေ့ကျကျ ပါဝင်လုပ်ဆောင်နိုင်ရေးကိစ္စ၊ နိုင်ငံရေးနယ်ပယ်တွင် ဒေသအလိုက် EAO များ၏ ဦးဆောင်မှုကို မြှင့်တင်ရေးကိစ္စနှင့် NCA (၈) နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း၍ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

တတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ကျင်းပမည့် (၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ



ရန်ကုန် ဩဂုတ် ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Admini – stration for Market Regulation ဌာန ဝန်ကြီး Mr. LUO Wen ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth Quality Conference) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Quyang Daobing နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ညီလာခံအား အရည်အသွေးပြောင်းလဲတိုးတက်မှုနှင့် စီးပွားရေးပြန်လည်ကောင်းမွန်စေရေးပူးပေါင်းဆောင်ရွက်မှု (Quality Evolution and Cooperation in Economic Recovery) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် စီးပွားရေးနှင့်ကုန်သွယ်မှု၊ အရည်အသွေးပြည့်မီသည့် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးဝန်းကျင်တည်ဆောက်နိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သော သုတေသနလုပ်ငန်းများ ပြုလုပ်ရန်လိုအပ်

နေပြည်တော် ဩဂုတ် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မြောင်းမြမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇုံဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



ယင်းနောက် ဒေသသုတေသနဇုံဌာနတာဝန်ရှိသူများ၊ သုတေသီများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးများ ဖော်ထုတ်ပေးခြင်းနှင့်အတူ တောင်သူများ လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်ကျင့်သုံးနိုင်ပြီး အကျိုးရှိထိရောက်စေမည့် စိုက်ပျိုးရေးနည်းပညာများ ဖော်ထုတ်ခြင်းကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးသူ တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သော သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပြီး ဒေသ၏သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကတွေ့ကြုံရသည့် အခက်အခဲပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်ရေး ဦးတည်ချက်ထားဆောင်ရွက်ရန် လိုကြောင်း၊ ဂေဟစနစ်မျိုးစုံရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဂေဟစနစ်များအလိုက် အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော မိုးကောင်းသောက်လယ်စပါးမျိုးများ၊ ဆည်ရေသောက်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများနှင့် ဆားငန်ဒဏ်ခံစပါးမျိုးများ စမ်းသပ်ရွေးချယ်ထုတ်လုပ်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံ (မြောင်းမြ)၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များမှာကြားခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် တောင်သူများလိုအပ်သည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိရေးနှင့် အခြေခံအဆောက်အအုံများကို ကြိုးပမ်းဖြည့်ဆည်းပေးနေမှု၊ စိုက်ပျိုးသည်မှ လယ်ယာကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် သက်ဆိုင်သူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍများမှ ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ချက်များ၊ လက်တွေ့အသုံးချသုတေသနနှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးကြရန်နှင့် မျိုးစေ့ထုတ်အစုအဖွဲ့များ တည်ထောင်ရန်လိုအပ်ချက်များ၊ တောင်သူအချင်းချင်းဖြန့်ဝေသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သက်လျင်၊ သက်လတ် စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမှုအပေါ် မူတည်၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့်ကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

သတင်းစဉ်



# ဥပဒေရေးရာဝန်ကြီးဌာန၏ ဒုတိယအကြိမ် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ဥပဒေရေးရာဝန်ကြီးဌာန၏ ဒုတိယအကြိမ် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဝန်ကြီးဌာန၏ နှစ်ပတ်လည်အခမ်းအနားသို့ ကြွရောက်လာကြသော အရာထမ်း၊ အမှုထမ်းများအားလုံး၊ ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ကို တစ်ချိန်တည်း၊ တစ်ရက်တည်းကျင်းပနေကြသော အဆင့်ဆင့်သော ဥပဒေရုံးများရှိ အရာထမ်း၊ အမှုထမ်းအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေ၊ ဘေးရန်အပေါင်း ကင်းဝေးကြပါစေလို့ ဦးစွာဆုတောင်းစကား ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးတွင်




ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ဌာနကြီး ငါးခုဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါကြောင်း၊ အခက်အခဲများကြား၊ စိန်ခေါ်မှုများကြားမှ လုပ်ငန်းများ အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် အဆင့်ဆင့်သော ဥပဒေရုံးများရှိ အရာထမ်း၊ အမှုထမ်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဝန်ကြီးဌာန၏ နှစ်ပတ်လည်အခမ်းအနားအတွက် နှုတ်ခွန်းဆက် ဆုတောင်းစကားများ ပြောကြားကြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများ၊ အဆင့်ဆင့်သော ဥပဒေရုံးများ၏ နှစ်နှစ်တာ လှုပ်ရှားဆောင်ရွက်မှု ဗီဒီယို မှတ်တမ်းများကို ကြည့်ရှုကြသည်။ ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၅၄၇ ဦးအတွက် ရုံးတူညီဝတ်စုံများကို ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က အမျိုးသမီးများအတွက် ကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က အမျိုးသားများအတွက် ကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ဗလာမပါ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး ဩဂုတ် ၃၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြေညီထပ်ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ယူ ဆောင်ရွက်နေသည့် မိုးယံဝင့်ချီကုမ္ပဏီလီမိတက်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အရည်အသွေး ထိန်းချုပ်စိစစ်ရေးအဖွဲ့က တွေ့ရှိသုံးသပ်ချက်များနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက စိစစ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သင်တန်းစင်တာဖွင့်သည့်အချိန်တွင် သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် “ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ”ကို ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက် ခပေါင်းရေကြည်ရပ်၌ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ရန်ပုံငွေဖြင့် မူလနှစ်ထပ်အဆောက်အအုံမှ လေးထပ်အဆောက်အအုံအဖြစ် တိုးမြှင့်တည်ဆောက်လျက်ရှိပြီး သင်တန်းစင်တာပြီးစီးပါက တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးနိုင်သည့် နေရာအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို အလေးထားလိုက်နာ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို စည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့နယ် နဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဟသ်ာတ ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟသ်ာတမြို့နယ် နဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆွေးနွေးပြောကြား**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့်အတူ ဟသ်ာတမြို့နယ် နဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ဟသ်ာတမြို့နယ် နဝင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၄၀၇ သိန်းထုတ်ချေးပေးထားကြောင်း၊ နဝင်းကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# မြန်မာ့စာတတ်မြောက်ရေးသမိုင်းအစ မိတ္ထီလာခရိုင်က

ဒေါက်တာမောင်သင်း

**(ယမန်နေ့မှအဆက်)**

ပညာရေးစစ်တမ်းကောက်ယူရာတွင် အသက် (၁၀) နှစ်နှင့်အထက် စာမတတ်သူများကို (၃) မျိုး ခွဲခြားကောက်ယူခဲ့ပါသည်။

(က) ဗျည်း (၃၃) လုံး ရေးတတ်၊ ဖတ်တတ်သူများ၊

(ခ) ဗျည်း (၃၃) လုံးနှင့် သရ (၁၂) လုံး ရေးတတ်၊ ဖတ်တတ်သူများ၊

(ဂ) စာလုံးဝမဖတ်တတ်၊ မရေးတတ်သူများ _ _ _ ဟူ၍ခွဲခြား ကောက်ယူခဲ့ပါသည်။

ထိုသို့ကောက်ခံရခြင်းမှာ "အ"သုံးလုံးသင်တန်း ဖွင့်လှစ်လျှင် တတ်မြောက်မှု အခြေအနေအလိုက် အုပ်စုခွဲပြီး သင်တန်းပို့ချရန် ရည်ရွယ်၍ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

ထိုအချိန်က မိတ္ထီလာခရိုင်တွင် စာမတတ်သူ ဦးရေမှာ ၄၇ ဒသမ ၇၆ ရာခိုင်နှုန်းဖြစ်၍ စာတတ်သူ ဦးရေမှာ ၅၂ ဒသမ ၂၄ ရာခိုင်နှုန်းဖြစ်ကြောင်း စစ်တမ်းအရ သိရှိရပါသည်။ ၁၉၅၃ - ၅၄ ခုနှစ် သန်းခေါင်စာရင်းအရ စာမတတ်သူ ၃၆ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၁၀ နှစ်အကြာတွင် စာမတတ် သူနှုန်း ၁၁ ဒသမ ၀၀ ရာခိုင်နှုန်းခန့် တိုးသွားခဲ့သဖြင့် နောက်ထပ် ၁၀ နှစ်အတွင်း ထပ်မတိုးစေရန်နှင့် လုံးဝရပ်တန့်သွားစေရန် "အ"သုံးလုံးကျေသင်တန်း ဖွင့်ရခြင်းဖြစ်ပါသည်။

ထို့အတူ (၅) နှစ်မှ (၁၀) နှစ်အကြား ကျောင်းနေအရွယ်ကလေးများ စာတတ်မြောက်မှုကို ကောက်ယူရာတွင်လည်း စာမတတ်သူကလေးငယ်များမှာ ၇၅ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း စစ်တမ်းအရတွေ့ရှိရသဖြင့် အလွန်စိုးရိမ်ရသည့် အခြေအနေတွင်ရှိပါသည်။ ထိုအချက်သည် စာမတတ်သူပပျောက်ရေးကို ခရိုင်လုံးကျွတ် စာတတ်မြောက်ရေး ရှေ့ပြေးစမ်းသပ်ခရိုင်အဖြစ် မိတ္ထီလာခရိုင်ကို ရွေးချယ်ဆောင်ရွက်နိုင်ရန် အတွက် အဓိကအချက်ဖြစ်ခဲ့ပါသည်။ ဤသို့လျှင် "စာတတ်မြောက်မှုစစ်တမ်း" ကို ကောက်ယူရခြင်းကြောင့် "အ"သုံးလုံးကျေ ရှေ့ပြေးစမ်းသပ် မိတ္ထီလာခရိုင်အတွင်း အားနည်းချက်အနည်းဆုံး ဖြင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအစ ညောင်ကိုင်းရွာက**

စာရေးသူသည် မိတ္ထီလာနှင့် သာစည်ကို လွန်ခဲ့သော ၁၅ နှစ်က စတင်၍ ယနေ့အထိ အိမ်ဦးနှင့် ကြမ်းပြင်ကဲ့သို့ သွားလာနေခဲ့ပါသည်။ ထိုမိတ္ထီလာ နှင့် သာစည်လမ်းပေါ်ရှိ မိတ္ထီလာမြို့နယ် ညောင်ကိုင်းရွာကို ဖြတ်သန်းသွားတိုင်း ငယ်ငယ်က သတင်းစာများနှင့် ပညာရေးမှတ်တမ်းများတွင် ဖတ်ရှုရသည့် **"မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲ"** ကျင်းပနေပုံကို စိတ်ကူးဖြင့် မြင်ကြည့်ကာ ပီတိအကြိမ်ကြိမ်ဖြစ်နေမိသည်။



၁၉၆၄ ခုနှစ် မိတ္ထီလာမြို့နယ် သဖန်းစံပြကျေးရွာ "အ"သုံးလုံးကျေသင်တန်း တက်ရောက်ခဲ့သူ အဘွားဒေါ်ညိုစိန် (အသက် ၉၆ နှစ်)။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု၏ "ခရိုင်လုံးကျွတ်စာမတတ်သူပပျောက်ရေး ရှေ့ပြေး စမ်းသပ်ခရိုင်"အဖြစ် ၁၉၆၉ ခုနှစ် မိတ္ထီလာခရိုင် ကို ရွေးချယ်ဆောင်ရွက်ခဲ့သည်။ မြို့နယ်အလိုက် စာတတ်မြောက်ရေးသင်တန်းဖွင့်ပွဲများ ကျင်းပရာ သို့ လှည်းစစ်ကြောင်း၊ လူစစ်ကြောင်းများဖြင့် ချီတက်ခဲ့ကြသည်။ မိတ္ထီလာခရိုင်တွင် နှစ်လုံးပေါက် "အ"သုံးလုံး (အရေး၊ အဖတ်၊ အတွက်) ကျေ အခြေ စိုက်စခန်းများ ဖွင့်လှစ်ကြပ်မတ်ဆောင်ရွက်နိုင်ခြင်း ကြောင့် ခရိုင်လုံးကျွတ်စာတတ်မြောက်ခဲ့ပါသည်။

၁၉၇၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် စာတတ် မြောက်မှုအောင်ပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ လူ ရှစ်သောင်း တက်ရောက်ခဲ့သည်ဟု ဆိုပါသည်။ ထိုပွဲ သို့ တော်လှန်ရေးကောင်စီလက်ထက်က ပညာရေး တာဝန်ခံ (ဝန်ကြီး) ဗိုလ်မှူးကြီးလှဟန် တက်ရောက် ခဲ့ပါသည်။ သူ့မိန့်ခွန်းတွင် **"ပညာရေးအထူးအရာရှိ ဆရာကြီး ဦးသံဗျင်က "အ"သုံးလုံးသင်တန်း သုတေ သနလုပ်ကာ သက်ကြီးစာတတ်မြောက်ရေးလှုပ်ရှား မှု လုပ်လိုကြောင်း၊ ဂရင်းလိုက်ပေးပါဟု ခွင့်ပန်လာ သောအခါ လန့်သွားကြောင်း၊ ဦးသံဗျင်က ဘတ်ဂျက် မကုန်စေရဟု အာမခံဖြင့် ခွင့်တောင်းသည့်အခါ မယုံကြည်ခဲ့ကြောင်း၊ သို့သော် ဆရာကြီးဦးသံဗျင်က စိတ်ရောကိုယ်ပါ ဘတ်ဂျက်မကုန်သည့်နည်း၊ လူထု ပါဝင်လှုပ်ရှားသည့်နည်းဖြင့် လုပ်ပါမည်ဆိုသဖြင့် ခွင့်ပြုခဲ့ကြောင်း၊ ယခုလို တစ်ခရိုင်လုံး စာတတ် မြောက်သည့်အောင်ပွဲကို လာပြီးတက်ခွင့်ရလို့ လူထု ပရိသတ်ကြီးကို မြင်ရသည့်အခါ ဘယ်လိုဝမ်းသာမှန်း မသိကြောင်း"** ပြောကြားခဲ့ပုံကို မှန်း၍ မြင်ယောင်မိ ပါသည်။ မိတ္ထီလာနယ်သားများ ပညာမျက်စိပွင့်လာပုံ၊ ပညာအလင်းရလာပုံတို့ကိုတွေး၍ ပီတိဖြစ်နေမိ သည်။ လွန်ခဲ့သည့် ၅၃ နှစ်က မြန်မာနိုင်ငံ၏ ပထမ ဦးဆုံးခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲ ကျင်းပရာ မိတ္ထီလာမြို့နယ် "ညောင်ကိုင်းကျေးရွာ" ကဟု မှတ်တမ်းတင်ခဲ့၊ သမိုင်းဝင်ခဲ့ပါသည်။



၁၉၆၉ ခုနှစ် "အ"သုံးလုံးသင်တန်းလုပ်အားပေး ဆရာများဖြစ်ကြသည့် သဖန်းကျေးရွာမှ ဦးအောင်ဝင်း နှင့် ဦးသိန်းလေး။

ဆရာကြီး ဦးသံဗျင်ကိုယ်တိုင်ကလည်း "မြန်မာ့ သမိုင်းတွင် မည်သည့်ရွာက ရွာလုံးကျွတ်စာတတ် မြောက်ခဲ့ပြီး မည်သည့်မြို့၊ မည်သည့်မြို့နယ်၊ မည်သည့်ခရိုင်ဖြင့် စာတတ်ခဲ့ပြီဟူ၍လည်းကောင်း၊ မည်သည့်ခေတ်တွင်မှ မရှိခဲ့ပါ။ ယခုတော်လှန်ရေး ကောင်စီအစိုးရခေတ်တွင်မှသာ သမိုင်းသစ်အဖြစ်ဖြင့် မိတ္ထီလာခရိုင်က တံခွန်ထူနိုင်ခဲ့သောကြောင့်ဖြစ်ပါ သည်" ဟုမှတ်တမ်းတင်ခဲ့သည်။

**ညောင်ကိုင်းရွာမှသည် နိုင်ငံတကာအသိမှတ်ပြု အောင်ပွဲဆီသို့**

ညောင်ကိုင်းကျေးရွာ၌ ခရိုင်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲသို့ ၁၉၇၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြီးနောက် အောင်ပွဲသည် မရပ်နားခဲ့ပေ။ နှစ်လအကျော်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ခရီးဆက်ခဲ့ပါသည်။ ယူနက်စကိုမှ မြန်မာ နိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ချီးမြှင့် သော "မိုဟာမက်ရီဇာပါလဗာ" (The Mohammad Reza Pahlavi Prize) ဆုကို ထိုစဉ်က "အ"သုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီအတွင်း ရေးမှူး ဆရာကြီး (ယခုဒေါက်တာ) ဦးသန်းဦးက မြန်မာဝတ်စုံဝတ်၊ ခေါင်းပေါင်းဖြင့် ၁၉၇၁ ခုနှစ် နိုင်ငံ တကာစာတတ်မြောက်ရေးနေ့ဖြစ်သည့် စက်တင် ဘာလ ၈ ရက်နေ့တွင် လက်ခံရယူခဲ့ပါသည်။ ထို့အတူ ၁၉၈၄ ခုနှစ်တွင် နိုင်ငံတကာစာတတ် မြောက်ရေး၊ သက်ကြီးဖတ်စာများ၊ စာစဉ်များ ထုတ်ဝေနိုင်မှုအတွက် ယူနက်စကိုမှပင် "နိုမာ"ဆု (The Norma Prize) ကိုထပ်မံဆွတ်ခူးရရှိခဲ့ပါသည်။

**သဖန်းစံပြကျေးရွာမှသည် စာတတ်မြောက်မှု (က) အဆင့်နိုင်ငံဆီသို့**

စာရေးသူနှင့် မိတ်ဆွေများသည် မိတ္ထီလာနှင့် မလှိုင်၊ ဝမ်းတွင်းမြို့နယ်တို့သို့ ၁၉၆၄ ခုနှစ်နှင့် ၁၉၆၉ ခုနှစ် "အ"သုံးလုံးသင်တန်းများတွင် ပါဝင်ခဲ့ သူများအား ထိုစဉ်က ရွာခံများ၏သဘောထားများ ကို သိလို၍ ကွင်းဆင်းလေ့လာရာတွင် ၁၉၆၄ ခုနှစ် ၌ သဖန်းစံပြရွာ သက်ကြီး "အ"သုံးလုံးကျေ သင်တန်းတွင် တက်ရောက်၍ စာတတ်မြောက်ခဲ့သူ အဘွားဒေါ်ညိုစိန် (၉၆) နှစ် နှင့် တွေ့ဆုံခဲ့သည်။ ထို့အတူ ၁၉၆၉ ခုနှစ် "အ"သုံးလုံးကျေသင်တန်းများ တွင် စေတနာ့ဝန်ထမ်း သင်ကြားပို့ချခဲ့သူများ ဖြစ်သည့် သဖန်းကျေးရွာမှ ဦးအောင်ဝင်းနှင့် ဦးသိန်းလေးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လှုပ်ရှားမှုတွင် ဆရာတော်များမှအစ ဆူကြို နိမ့်မြင့်မကျန် ရွာသူရွာသားအားလုံး ပူးပေါင်းပါဝင် ခဲ့ကြကြောင်း ပြောပြကြသည်။ သင်တန်းပို့ချသူ ဆရာများအား "အ"သုံးလုံးကျေသင်တန်းကြီးကြပ် ညှိနှိုင်းရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာညီညီက ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလရက်စွဲဖြင့် ပေးအပ် ခဲ့သည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကိုလည်း ပြသခဲ့ပါသည်။ ၁၉၆၄ ခုနှစ်နွေရာသီကျောင်းပိတ် ရက်တွင် လုပ်အားပေးဆရာလောင်းလေးဦးဖြင့် သဖန်းစံပြရွာမှ စတင်ခဲ့သည့် သက်ကြီးစာမတတ် သူပပျောက်ရေးလုပ်ငန်းသည် ထိုအချိန်က မြန်မာ နိုင်ငံတွင် ၃၀၈ မြို့နယ်ရှိရာ ၂၉၇ မြို့နယ်အထိ ဆောင်ရွက်ပြီးခဲ့ပြီးဖြစ်ပါသည်။

စေတနာ့ဝန်ထမ်း ဆရာလေးဦးမှသည် လုပ်အားပေး ဆရာ ဆရာမပေါင်း ၈၈၃၉၇၆ ဦး တို့က တစ်ပြည်လုံးအနှံ့ သင်ကြားပေးခဲ့ကြသည်။ ၁၉၆၄ ခုနှစ် သဖန်းစံပြကျေးရွာက နွေရာသီ တစ်လ "အ"သုံးလုံးမျက်ဖွင့်သင်တန်းအပြီးတွင် စာမတတ်သူ ၁၀၀ ခန့် စာတတ်မြောက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်သို့ရောက်သောအခါ ၂၄၁၁၁၇၉ ဦး စာတတ်မြောက်ခဲ့ပေသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်မှု ၉၂ ရာခိုင် နှုန်းသို့ ရှိခဲ့သည်။ စစ်ပြီးခေတ်က မြန်မာ့စာတတ် မြောက်မှု ၃၅ ရာခိုင်နှုန်းမှသည် နှစ် ၄၀ အကြာတွင် ၉၂ ရာခိုင်နှုန်းသို့ မြင့်တက်လာအောင် စွမ်းဆောင် နိုင်ခဲ့ကြသည်။ သို့ပါ၍ မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်း မြင့်မား သည့် (က) အုပ်စုဝင်နိုင်ငံအဖြစ် သတ်မှတ်ခြင်း ခံရပြီးဖြစ်ပေသည်။

**မိတ္ထီလာသားတို့၏နားလည်အားပေးမှုနှင့် ပူးပေါင်း ပါဝင်မှုသာအဓိက**

လွန်ခဲ့သောနှစ်ပေါင်း (၅၉) နှစ် (၁၉၆၄ ခုနှစ်) တွင်တစ်ကြိမ်နှင့် (၅၄) နှစ် (၁၉၆၉ ခုနှစ်) တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိတိဆောင်ရွက် ခဲ့သည့် မိတ္ထီလာမြို့နယ်၏ စာတတ်မြောက်မှု လုပ်ငန်း ဘာကြောင့်အောင်မြင်ခဲ့ပါသနည်း။ ယနေ့ ကွင်းဆင်းလေ့လာမှုနှင့် မှတ်တမ်းများအရ ဒေသခံ ပြည်သူများ(မိတ္ထီလာနယ်သား)သည် "အ"သုံးလုံး ကျေလုပ်ငန်း၏အရေးပါမှုကို နားလည်သဘော ပေါက်ကြသည်။ စိတ်ဝင်စားကြသည်။ ပူးပေါင်း ပါဝင်ရန် စိတ်အားထက်သန်ကြသည်။ စေတနာ ထားကြသည်။ ဥပမာအားဖြင့် ဆရာကြီးဦးသံဗျင်၏ စာတတ်မြောက်စေလိုသောစေတနာကို လက်တွေ့ လူထုပါဝင်လှုပ်ရှားမှုနည်းဖြင့် အကောင်အထည် ဖော်ရန် ဆရာလောင်းလေးဦးကလည်း စိတ်ဝင်စား ကြသည်။

သူတို့ကလည်း စာမတတ်သူများကို ဆရာကြီး ကဲ့သို့ပင် စာနာ၊ စေတနာထားကာ ရပ်ရွာလူထု ပါဝင်လာအောင်ရှင်းပြသည်။ ထို့အတူ ရပ်မိရပ်ဖ၊ ရပ်ရွာလူထုမှအစ မြို့နယ်အုပ်ချုပ်ရေး၊ ပညာရေး (ထိုအချိန်က ပညာအုပ်) များနှင့် အခြားဌာနဆိုင်ရာ တို့ကလည်း စိတ်ဝင်စားကြသည်။ စိတ်အား ထက်သန်ကြသည်။ စေတနာထားကြကာ ပံ့ပိုး ကူညီကြသည်။ အားလုံးပါဝင်လုပ်အားပေးမှုဖြင့် သင်ကြားရေးစခန်းများ သင်တန်းတက်ချိန်များကို ကျေးရွာလူထု၏ အသက်မွေးမှုဘဝနှင့် စပ်ဟပ် နိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။ စာသင်သား အများဆုံးရှိသည့်နေရာနှင့် သင်ကြားနိုင်မည့်အချိန် တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

သစ်ပင်ရိပ်၊ ဇရပ်၊ ဓမ္မာရုံ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့သည် "အ"သုံးလုံးသင်တန်း ဖွင့်ရာနေရာ၊

**စာမျက်နှာ ၇ သို့** ✡

**စေတနာ့ဝန်ထမ်းဆရာလေးဦးမှသည် လုပ်အားပေး ဆရာ ဆရာမပေါင်း ၈၈၃၉၇၆ ဦးတို့က တစ်ပြည်လုံးအနှံ့သင်ကြားပေးခဲ့ကြသည်။ ၁၉၆၄ ခုနှစ် သဖန်းစံပြကျေးရွာက နွေရာသီတစ်လ "အ"သုံးလုံးမျက်ဖွင့်သင်တန်းအပြီးတွင် စာမတတ်သူ ၁၀၀ ခန့် စာတတ်မြောက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်သို့ရောက်သောအခါ ၂၄၁၁၁၇၉ ဦး စာတတ်မြောက်ခဲ့ပေသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းသို့ ရှိခဲ့သည်။ စစ်ပြီးခေတ်က မြန်မာ့စာတတ်မြောက်မှု ၃၅ ရာခိုင်နှုန်းမှသည် နှစ် ၄၀ အကြာတွင် ၉၂ ရာခိုင်နှုန်းသို့ မြင့်တက်လာအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ သို့ပါ၍ မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်း မြင့်မားသည့် (က) အုပ်စုဝင်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရ**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဇ္ဇ ဗိမာန်တော်ကြီး၊ သဒ္ဒါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက် ဖူးမြော် ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ် တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။







**ဖူးမြော်ကြည်ညိုနိုင်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့ အထက(၄)ကျောင်းဝင်းအတွင်းမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းအုတ်ခွက်ဘုရားများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံ

**သထုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရားလမ်းရှိ အထက(၄) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေတူးရာမှတွေ့ရှိခဲ့သည့် ရှေးဟောင်းအုတ်ခွက်ဘုရားများကို တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း သိရသည်။

အထက(၄)ကျောင်းဝင်းအတွင်း အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ RC တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဆောက်လုပ်ရေးလုပ်သားများ မြေတူးနေစဉ် မုဒြာပုံစံ အမျိုးမျိုးတို့ဖြင့် ရုပ်လုံးပေါ် နှင့် အကျိုးအပဲ့ ရှေးဟောင်းအုတ်ခွက်ဘုရား ၁၉ ဆူကို ယနေ့ နံနက် ၉ နာရီခန့်က တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ ရှေးဟောင်းအုတ်ခွက်ဘုရားများတွေ့ရှိရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်အေးခန့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူက လာရောက်ကြည့်ရှုကြပြီး တွေ့ရှိသည့် အုတ်ခွက်ဘုရား ၁၉ ဆူကို စနစ်တကျထိန်းသိမ်းရေးအတွက် မွန်ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများထံ အပ်နှံခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၅ နှစ်ကျော်ခန့်ကလည်း ယခုအုတ်ခွက်ဘုရားများ တူးဖော်တွေ့ရှိရာ အထက(၄)ကျောင်းအနီးရှိ အထက(၂) ကျောင်းဝင်းအတွင်း၌ အုတ်ခွက်ဘုရားပေါင်း ၁၀၀၀ ကျော်ကို ပထမအကြိမ်တူးဖော်တွေ့ရှိခဲ့ဖူးကြောင်း၊ ဒုတိယအကြိမ်တွင် အထက(၄) ကျောင်းအနီး ၄က်တွင်းကျောင်းတိုက်ဝင်းအတွင်း၌ အဆူရေ ၁၀၀၀ ကျော်၊ တတိယအကြိမ်တွင် အဆိုပါကျောင်းအနီးရှိ မြန်မာနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း၌ အဆူရေ ၂၄၀ ကျော်၊ စတုတ္ထအကြိမ်တွင် အထက(၂) ကျောင်းဝင်းအတွင်း၌ အဆူရေ ၂၁၀ ကျော်နှင့် ယခု တူးဖော်တွေ့ရှိသော ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ ပဉ္စမအကြိမ် တူးဖော်တွေ့ရှိခြင်း ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

✡ စာမျက်နှာ ၆ မှ

စာအော်ဖတ်သံ တသောသောညံခဲ့သည်။ ညဘက်တွင် အောက်လင်းမီးအိမ်၊ ရေနံဆီမီးရောင်၊ ဖယောင်းတိုင်မီးများဖြင့် အလင်းရောင်ထိန်ထိန်လျှံခဲ့သည်။ နံနက်ချိန်၊ နေ့လယ်ခင်းအားလပ်ချိန်၊ ညဦးပိုင်းတို့သည် “သက်ကြီး “အ”သုံးလုံးသင်တန်းသားများ၏ ကျောင်းချိန်များ ဖြစ်ခဲ့ကြသည်။ ကျောက်သင်ပုန်းကြီး၊ ထမင်းစားပွဲတို့သည် စေတနာလုပ်အားပေးဆရာများ၏ စာသင်ကျောင်းသင်ပုန်းကြီးများဖြစ်သည်။ သစ်ပျားတစ်ချပ်၊ မြေဖြူတစ်တံ၊ သက်ကြီးဖတ်စာအုပ်တစ်အုပ် စေတနာဆရာတစ်ဦးရှိလျှင်ပင် ရွာတိုင်း၊ ရပ်ကွက်တိုင်းတွင် “အ”သုံးလုံးကျေသင်တန်း” ဖွင့်ကြတော့သည်။

သင်တန်းတက်ရောက်သူများကို သတ်မှတ်သည့် သင်ကြားမှုကာလပြီးဆုံးလျှင် စာတတ်မြောက်မှုဇဟိုက စစ်ဆေးသည့်နည်းလမ်းအတိုင်း စစ်ဆေးသည်။ စာတတ်ခါစသက်ကြီးများ စာဖတ်ရှိန် မြင့်မားလာစေရန်လည်း စာပဒေသာစာစဉ်များ၊ လုံးချင်းစာစဉ်များ ဖြန့်ဝေကာ စာဖတ်ဝိုင်းများဖွဲ့စည်းစာဖတ်ခဲ့သည်။ အားလုံးကို ခြုံလိုက်လျှင် ထိုအချိန်က မိတ္ထီလာသားတို့၏ စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှု၊ စာမတတ်သူ မိမိရပ်ရွာဆွေမျိုးသားချင်းများအပေါ် ကိုယ်ချင်းစာမှု၊ စာနာမှု၊ စေတနာထားမှုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဒေသခံလူထု၏အဘက်ဘက်က ပူးပေါင်းပါဝင်မှု၊ ပံ့ပိုးမှုတို့ကြောင့် ဆရာကြီးဦးသံဇျင်၏ နည်းသစ်သင်ကြားနည်းနှင့် ဘတ်ဂျက်မလို၊ ငွေမကုန် **“လူထုပါဝင် အကောင်အထည်ဖော်နိုင်မှုသာ ပဓာန”** နည်းလမ်းတို့ကြောင့်သာ အောင်မြင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။

အဆိုပါ **“ဘတ်ဂျက်မလို လူထုပါဝင်ပူးပေါင်းမှုသာလိုသည့် သမိုင်းအစဉ်အလာကောင်း”**ကို ယနေ့ နိုင်ငံဖွံ့ဖြိုးရေး ငြိမ်းချမ်းသာယာရေးလုပ်ငန်းအဝဝတို့တွင်လည်း အတုယူအကောင်အထည်ဖော်သင့်ပါကြောင်း မိတ္ထီလာခရိုင်၏ မြန်မာ့စာတတ်မြောက်ရေး လှုပ်ရှားမှုသမိုင်းကောင်းတစ်ရပ်ကို ကိုးကားညွှန်းဆိုလေ့လာတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး**

**(၁) ကလောင်စုံ (၂၀၁၇) ဆရာကြီးဦးသံဇျင် ဂုဏ်ပြုအမှတ်တရစာစုများ**
**(၂) ဦးသန်းဦးနှင့် ဦးသောင်းလွင် (၁၉၇၀) ၁၉၆၉ ခုနှစ် မိတ္ထီလာခရိုင် စာဖတ်တတ်မြောက်မှုစစ်တမ်း,JBRS (မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်)**
**(၃) ဒေါက်တာသန်းဦး (၂၀၁၇) ပညာရေးဆောင်းပါးပေါင်းချုပ်**
**(၄) ဒေါက်တာမောင်သင်း (၂၀၂၂) မြန်မာစာတတ်မြောက်မှုနည်းလမ်းမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်ရေးဆီသို့ (၁၅ – ၉ – ၂၀၂၂၊ မြန်မာ့အလင်း)**
**(၅) ဒေါက်တာသန်းဦး (၂၀၂၃) ပညာရေးအတွေးအမြင်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၁၁)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဦးဇင်မင်းထက်၊ ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစား ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစား မောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ အားကစားမောင်မယ်များက ဂူရှူး၊ အေရိုးဗစ်နှင့် ဂျွမ်းဘားအားကစားတို့ကို သရုပ်ပြကစားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အားကစားမောင်မယ်များအား ငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က ရယ်ရွှင်ဖွယ်ရာ ဟာသပြက်လုံးများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများ မှန်ကန်သည့် အသိပညာများ ရရှိစေရေးအတွက် ယနေ့စာပေဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ ဟောပြောဆွေးနွေးချက်များကို စိတ်ဝင်စားစွာ နားထောင်မှတ်သားစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုနှင့် ရဲရင့်မှုရှိရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်လည်း အနာဂတ်ခေါင်းဆောင်များ ဖြစ်လာမည့် ကျောင်းသား ကျောင်းသူများကို အလေးထားတန်ဖိုးထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်ပြီး မှန်ကန်သည့် အသိပညာများ ရရှိစေရန် ကျောင်းများသို့ သွားရောက်၍ ဆွေးနွေးဟောပြောရန် လမ်းညွှန်ထားပါကြောင်း၊ နောင်တစ်ချိန်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ရာ ထိုသို့ထမ်းဆောင်ရာတွင် ရဲရင့်ယုံကြည်စွာဖြင့် အများအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့်သူများဖြစ်ရန်နှင့် နိုင်ငံတော်က အားထားရသည့် သားကောင်း၊ သမီးကောင်းများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆရာမကြီး ဒေါ်မေကျော့ရှင်းက ဆွေးနွေးပြောကြားရာတွင် မိမိဖတ်မှတ်ထားသမျှ၊ လေ့လာထားသမျှ၊ တရားတော်များ နာယူမှတ်သားထားသမျှထဲမှ မျှဝေဆွေးနွေးခြင်းသာဖြစ်ပြီး ဟောပြောသည်ဟု သဘောမထားပါကြောင်း၊ လူငယ်များအနေဖြင့် အသိဉာဏ်ရှိရန်နှင့် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ မျှဝေဆွေးနွေး ပြောကြားသွားမည်ဖြစ်ပါကြောင်း၊ အသိပညာနှင့် အတတ်ပညာဟူ၍ ရှိရာတွင် စာများများဖတ်ရန် လိုပါကြောင်း၊ မည်သည့်စာကိုမဆို ဖတ်ရန်လိုပြီး စာကိုမည်ကဲ့သို့ ဖတ်ရမည်ဆိုလျှင် စာကို ဖတ်ရှုရာတွင် တွေးတောစဉ်းစားရန် လိုပါကြောင်း၊ ပညာထူးချွန်သူထံမှ စာမေးရာတွင် မရှက်ရန်လိုကြောင်း၊ အသိပညာကို ကိုယ်တိုင်ရှာဖွေရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားဟု ဆိုရာတွင် ငါးပါးသီလကို လုံခြုံအောင်ထိန်းသိမ်းရန် လိုကြောင်း၊ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ရန်နှင့် ဆေးလိပ်မှအစပြု၍ မစမ်းသပ်ရန်လိုကြောင်း၊ မိန်းကလေးများအနေဖြင့် ခေတ်မီအောင် နေထိုင်ကျင့်ကြံရန် လိုအပ်သော်လည်း ခေတ်ဆန်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ချီးမွမ်းခြင်းနှင့် အကဲ့ရဲ့ခံခြင်း နှစ်မျိုးတွင် ချီးမွမ်းခြင်းကိုသာ အားလုံးက လိုလားကြမည် ဖြစ်ကြောင်း၊ အလားတူ အကောင်းနှင့် အဆိုးတွင် အကောင်းကိုသာ ဖြစ်လိုကြမည်ဖြစ်ကြောင်း စသည်သဖြင့် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန် အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ မြန်မာ့အသံဓာတ်ပြားရ တေးသီချင်းဖြစ်သော "ကလေးတို့ရေ လာကြ လာကြ" သီချင်းကို နောက်ခံတီးလုံးဖွင့်၍ သီဆိုပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆရာမကြီး ဒေါ်မေကျော့ရှင်းအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းစာကြည့်တိုက် အတွက် စာအုပ်စာစောင်များကို လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက လက်ခံရယူသည်။ ဆက်လက်၍ MRTV – 4 ရုပ်သံမှ အနုပညာရှင်များဖြစ်ကြသည့် လူးကပ်စ်၊ နက်ရှိုင်းကို၊ သံစဉ်ဆည်းဆာနှင့် မေသင်းကိုတို့က မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV–4 ရုပ်သံမှ အနုပညာရှင်များအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

**ပါဝင်ဆင်နွှဲ**

ယင်းနောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အထင်ကရနေရာများကို ကျောင်းသား၊ လူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံ ပြပွဲခင်းကျင်းပြသခြင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) မှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ် ထားရှိပေးခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက် ပြိုင်ပွဲများစီစဉ်ပေးထားခြင်း၊ MRTV – 4 ရုပ်သံမှ အနုပညာရှင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ် Game များ ကစား၍ အနိုင်ရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ ဟာသပညာရှင် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က အမှတ်တရ လက်မှတ်ရေးထိုးပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး စားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်



နေပြည်တော် ဩဂုတ် ၃၀

ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စားအုန်းဆီကို ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စားသုံးဆီတင်သွင်းရာတွင် ဝယ်ယူကုန်ကျသည့် နိုင်ငံခြားငွေ၏ ၅၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ပြင်ပဈေးထက်သက်သာသည့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားဖြင့်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးထားပါကြောင်း၊ ထို့အပြင် ဝယ်ယူတင်သွင်းသူများ ငွေကြေးအခက်အခဲမပေါ်ပေါက်စေရေးအတွက် ဗဟိုဘဏ်က သီးခြားအစီအစဉ်ဖြင့်လည်း ထောက်ကူပေးထားပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် စားအုန်းဆီအခြေခံရည်ညွှန်းဈေးကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အပတ်စဉ်ပုံမှန်တွက်ချက် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

သို့ရာတွင် စားသုံးသူဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည်ထက်များစွာမြင့်တက်နေပြီး နိုင်ငံတော်အကြီးအကဲ၏စေတနာဖြင့် ဆောင်ရွက်ပေးသည့် အစီအစဉ်ကို စားသုံးသူပြည်သူများ ခံစားရခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ စားအုန်းဆီဈေးများမြင့်တက်နေမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဇူလိုင် ၁ ရက်က ရန်ကုန်မြို့တွင် လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံ၍ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့်ရောင်းချရေး သတိပေးပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးအမြတ်ရရှိမှုတစ်ခုတည်းကိုသာဦးမတည်ဘဲ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးနိုင်ရေးအတွက်ဦးစားပေးစဉ်းစားရန်လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ညှိနှိုင်းရရှိမှုများကို လက်တွေ့ကျကျ ကြပ်မတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရက်ပိုင်းအတွင်း စားအုန်းဆီဈေးနှုန်းများ သိသာစွာကျဆင်းစေရေး ဆောင်ရွက်မည်ဖြစ်၍ ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း စားသုံးဆီဖြန့်ဖြူးမှုနှင့်ပတ်သက်၍ လိုအပ်သည့် အစီအမံများချမှတ်ကာ ကြပ်မတ်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသည့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများက စားသုံးဆီ ပြည်တွင်းပို့ဆောင်ရာတွင် QR Code ဖြင့် ကြပ်မတ်မည့်အစီအစဉ်၊ နေ့စဉ်ကုန်လက်ကျန်သတင်းပို့မှုအစီအစဉ်၊ လက်ကားနှင့်လက်လီရောင်းချသူများအကြား ဈေးနှုန်းကွာဟမှုမရှိစေရေးနှင့် မြို့ကြီးများအလိုက် သတ်မှတ်ဈေးနှုန်းဖြင့် စားအုန်းဆီ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သတ်မှတ်ရည်ညွှန်းဈေးကို အခြေခံပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၏ ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချရာတွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းကို ရှောင်ကြဉ်မည်ဖြစ်ကြောင်း၊ ရည်ညွှန်းဈေးအပေါ် အခြေခံကာ သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ စားသုံးဆီဈေးနှုန်းများကို လက်ရှိအခြေအနေမှ လျှော့ချသွားရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် အပြည့်အဝ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် စားသုံးဆီတင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပွင့်ဖြူမြို့နယ် မျိုးစေ့ထုတ်သမဝါယမအသင်းနှင့် မိုးစပါးစိုက် သမဝါယမအသင်းများကို တွေ့ဆုံ




နေပြည်တော် ဩဂုတ် ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ဆာဖိုးသာ-၁ စပါးမျိုး ၅၄ ရက်သား စိုက်ခင်းနှင့် GW-11 မျိုးစပါး စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာရှိ မိုးစပါးစိုက်ခင်းများအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းအမှုဆောင်များ၊ အသင်းသား တောင်သူများနှင့် တွေ့ဆုံ၍ အထွက်တိုးစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ ဆောင်းသီးနှံစိုက်ပျိုးပြီးနောက် လာမည့်မိုးရာသီ သမဝါယမအသင်းများ၏ စိုက်ဧကများအတွက် အထွက်တိုး မျိုးစပါးထုတ်ပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန်မှာကြားပြီး အသင်းသားတောင်သူများထံ အထွက်တိုးစပါးမျိုးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရာ အသင်းသားတောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုတွင် (SMART Village) အဖြစ် ဆောင်ရွက်နေသည့် စံပြကျေးရွာသို့ ရောက်ရှိခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးသမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်ရေး၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် ရှင်းလင်းဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ပို့ချနေသော အခြေခံစက်ချုပ်သင်တန်း တက်ရောက်နေသည့် သင်တန်းသူများအား တွေ့ဆုံ၍ ၎င်းတို့ချုပ်လုပ်ထားသော အဝတ်အထည် လက်ရာများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ညောင်ပင်ကျေးရွာအဝင်လမ်း ၁ မိုင် ၄ ဖာလုံအနက် ၇ ဖာလုံ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ထိန်းရန်ပုံငွေဖြင့် အလံပွါယ်-ဇရပ်ကြီးလမ်းမှ မယ်ဘော့ကုန်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းအရှည် ၁ မိုင် ၄ ဖာလုံ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အာမခံလုပ်ငန်းဆိုင်ရာအသိပညာပေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အာမခံလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ တိုင်းဦးစီးမှူး ဒေါ်နီနီအေးက မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်နေသော အသက်အာမခံနှင့်အထွေထွေအာမခံတို့မှ အမြတ်ဝေစုပါသည့် နိုင်ငံ့ဝန်ထမ်း (ကာလတို) အသက်အာမခံနှင့် အာမခံအကြောင်း၊ ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံ မော်တော်ယာဉ်အာမခံ၊ မီးနှင့် သဘာဝဘေးအန္တရာယ် အကာကွယ် အာမခံ၊ ကုန်းလမ်းကုန်ပစ္စည်းအာမခံ၊ ခရီးသွားအာမခံ စသည်ဖြင့် အာမခံအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားရာ တတ်ရောက်လာကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက မေးမြန်းဆွေးနွေးကြသည်။

မြန်မာ့အာမခံလုပ်ငန်းသည် အသက်အာမခံကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအတွက် အာမခံသက်တမ်း (၃)နှစ်၊ (၅)နှစ်၊ (၁၀)နှစ် စသည်ဖြင့် စိတ်ကြိုက်ရွေးချယ်ဆောင်ရွက်လိုမှုအပေါ် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူအတွက် အကျိုးရှိစေမည့် အခြားအာမခံ အမျိုးအစားများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရထားဥသြသံညံ့စေချင် တို့မြန်ပြည်တစ်ခွင်

## ညီညီ(ရထား)

**မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ အစပျိုးမှုကိုကြည့်မည်ဆိုလျှင် ရှေးယခင်က နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်က ၎င်းတို့၏အကျိုးစီးပွားကို အထောက်အကူဖြစ်စေသည့် ရထားလမ်း၊ ကားလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကောင်းများ မရှိခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။**


၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည်ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ မြန်မာနိုင်ငံ၌ ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည်မှာ ၁၄၆ နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ မြန်မာ့မီးရထားဌာနကြီးသည် ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ ရထားပြေးဆွဲခြင်း လုပ်ငန်းဖြင့် ပြည်သူတို့အား ဝန်ဆောင်မှုပေးရင်း အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားခဲ့သည့် အောင်မြင်မှု၊ ဆုံးရှုံးမှုများ အစရှိသည့် အတွေ့အကြုံများစွာဖြင့် ဖြတ်သန်းခဲ့သည့် ဌာနကြီးတစ်ခု ဖြစ်ပါသည်။

အထူးသဖြင့် အများစုဖြစ်သော အခြေခံလူတန်းစားပြည်သူများအတွက် ယနေ့ထက်တိုင် အကျိုးပြုလျက်ရှိပေသည်။ စရိတ်စကသက်သာစွာဖြင့် ခရီးသည်အများအပြားကို ခရီးနီးနီးဝေးဝေး သက်သောင့်သက်သာစွာဖြင့် လိုရာခရီးသို့ ပို့ဆောင်ပေးလျက်ရှိပါသည်။ ကုန်စည်အများအပြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးသို့ စရိတ်ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးလျက်ရှိပါသည်။ ဤသည်ကား မိမိတို့နိုင်ငံအတွင်း နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သော မြန်မာ့မီးရထား၏ ထူးခြားသော ဝိသေသများပင် ဖြစ်ပါသည်။

### ရထားလုပ်ငန်းစတင်ပေါ်ပေါက်လာခြင်း

မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက်ရှိပါသည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၌ ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ဆန်စပါး၊ ကျွန်းသစ်၊ ရော်ဘာနှင့် သယံဇာတသတ္တုပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်၍ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်ရန် ပြည်ပသို့တင်ပို့ခြင်း၊ ၎င်းတို့တိုင်းပြည်မှ ပို့ကုန်များအား တင်သွင်း၍ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

သို့အတွက် ကုန်စည်များအား ဒေသအနှံ့မှ စုစည်းရာတွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမားခဲ့ရာ ဆန်များကို အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် စုစည်းနိုင်ရန် စီးပွားရေးရှုထောင့်အမြင်ဖြင့် မီးရထားလမ်း ဖောက်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် အထက်မြန်မာနိုင်ငံမှ မြန်မာမင်းတို့က ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်းတိုက်ခိုက်လာပါက ပြည်မြို့သို့ လျင်မြန်စွာ ရောက်ရှိလာနိုင်ကြောင်း


၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန် - ပြည်ရထားလမ်းဖွင့်ပွဲမြင်ကွင်း။

သုံးသပ်၍ ဗြိတိသျှတပ်များနှင့် စက်လက်နက်၊ ရိက္ခာပစ္စည်းများကို ပြည်မြို့သို့ အမြန်ပို့ဆောင်နိုင်ရန်ဟူသော စစ်ရေးအမြင်ဖြင့် ၁၈၇၄ ခုနှစ်တွင် ရန်ကုန်-ပြည်ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပြေးဆွဲခဲ့ပါသည်။

ဆက်လက်၍ ၁၈၈၁ ခုနှစ်တွင် ရန်ကုန်-ညောင်လေးပင်လမ်းပိုင်း၊ ၁၈၈၅ ခုနှစ်တွင် ညောင်လေးပင်- တောင်ငူလမ်းပိုင်းကိုလည်း ကျွန်းသစ်၊ ရော်ဘာ၊ သယံဇာတနှင့် ဆန်၊ စပါးများကို ပြည်ပသို့တင်ပို့နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖောက်လုပ်ပြေးဆွဲခဲ့ပါသည်။

### မြန်မာ့မီးရထားသမိုင်းအကျဉ်း

မြန်မာ့မီးရထားသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၈၇၇ ခုနှစ်က ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်း အစိုးရရထားလုပ်ငန်း (The Rangoon and Irrawaddy Valley State Railway) က ရထားလုပ်ငန်းကို စတင်ထူထောင်လုပ်ကိုင်ခဲ့ကြောင်း၊ ဆက်လက်၍ ၁၈၉၆ ခုနှစ်တွင် Burma Railway Company က ဆက်လက်ငှားရမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၂၈ ခုနှစ်တွင် အိန္ဒိယမီးရထားဘုတ်အဖွဲ့ (Indian Railway Board) လက်အောက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊

✤ **ကုန်စည်များအား ဒေသအနှံ့မှ စုစည်းရာတွင် လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမားခဲ့ရာ ဆန်များကို အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် စုစည်းနိုင်ရန် စီးပွားရေးရှုထောင့်အမြင်ဖြင့် မီးရထားလမ်းဖောက်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ကြ**

✤ **ထို့ပြင် အထက်မြန်မာနိုင်ငံမှ မြန်မာမင်းတို့က ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်းတိုက်ခိုက်လာပါက ပြည်မြို့သို့ လျင်မြန်စွာရောက်ရှိလာနိုင်ကြောင်း သုံးသပ်၍ ဗြိတိသျှတပ်များနှင့် စက်လက်နက်၊ ရိက္ခာပစ္စည်းများကို ပြည်မြို့သို့ အမြန်ပို့ဆောင်နိုင်ရန်ဟူသော စစ်ရေးအမြင်ဖြင့် ၁၈၇၄ ခုနှစ်တွင် ရန်ကုန်-ပြည်ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပြေးဆွဲခဲ့**

၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲထွက်၍ အုပ်ချုပ်မှုပုံစံပြောင်းလဲခြင်းနှင့်အညီ မီးရထားလုပ်ငန်းကိုလည်း Indian Railway Board ၏ အုပ်ချုပ်မှုအောက်မှ ခွဲထွက်ကာ မြန်မာနိုင်ငံဆိုင်ရာ မီးရထားမင်းကြီး (Chief Railway Commissioner)က အုပ်ချုပ်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာချိန် ၁၉၄၂ ခုနှစ်တွင် မီးရထားအုပ်ချုပ်ရေးလုပ်ငန်းများကို ဗြိတိသျှစစ်အာဏာပိုင် (British Governor) များထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင် မီးရထားအုပ်ချုပ်ရေးအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့ (Union of Burma Railway) အဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း (Burma Railway Corporation) အမည်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့မီးရထားဟု ပြင်ဆင်ခေါ်ဝေါ်၍ ယနေ့တိုင် ၎င်းအမည်နာမ တည်တံ့လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ရထားလမ်းခရီးမိုင်နှင့် ဘူတာရုံများ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ရထားလမ်းတိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများအနေဖြင့် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ် တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

### မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များ

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်များကို လုံခြုံချောမွေ့စွာဖြင့် သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေး၊ တစ်ချိန်တည်းတွင် လူ၊ ပစ္စည်းနှင့် ငွေကြေးစသော သယံဇာတများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးထိရောက်မှုရှိစွာ သုံးစွဲရေး၊ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ယှဉ်ပြိုင်ရသော အခြေအနေတွင် စီးပွားရေးဆန်ဆန်ယှဉ်ပြိုင်နိုင်ကာ ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ထိရောက်စွာ သယ်ယူပို့ဆောင်နိုင်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေး မျှော်မှန်းထားရှိပါသည်။ ထို့အပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး၊ မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်းခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေလျော့နည်းရေး၊ လက်ဝယ်ရှိလူ၊ ပစ္စည်း၊ စနစ်များကို အထိရောက်ဆုံးဖြစ်စေရန် ကြိုးပမ်းရေး၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်ရေး၊ စက်ခေါင်းတွဲ ချွတ်ယွင်းမှု လျော့နည်းရေး၊ စက်ကိရိယာနှင့်အရန်ပစ္စည်းများ တီထွင်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းအခွင့်အရေးနှင့် သက်သာချောင်ချိရေးကိစ္စများ မျက်ခြည်မပြတ်ရေး၊ မသမာမှုများ ကင်းရှင်းပပျောက်ရေး ဟူသော ရည်မှန်းချက် ၁၁ ရပ် ချမှတ်ထားရှိပါသည်။

### ဌာနကြီးများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ

အဆိုပါရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့မီးရထားတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကို ပင်မလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသည့် ဌာနကြီးသုံးခု၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရထားပြေးဆွဲရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီပေးရသည့် ဌာနကြီး ရှစ်ခုနှင့် စက်ရုံကြီး သုံးရုံတို့ဖြင့် ဖွဲ့စည်းထားရှိပြီး ဌာနကြီးများအလိုက် တာဝန်ထမ်းဆောင်နေကြသော ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများအားလုံးတွင် ကိုယ်စီလုပ်ငန်း တာဝန်ဝတ္တရားများ စနစ်တကျ ပေးအပ်ထားရှိပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီတိုင်းက မတူညီသော လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်နေကြရသော်လည်း တူညီသောရည်မှန်းချက် ထားရှိကြခြင်းက ရထားပို့ဆောင်ရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို အသက်ဝင်စေလျက်ရှိနေပါသည်။

အဓိကကျသည့်ဌာနကြီးသုံးခုအနက် သွားလာပို့ဆောင်ရေးဌာနသည် ရထားသွားလာရေး လုပ်ငန်းများကို စီမံခန့်ခွဲကြီးကြပ်နိုင်သည့် ဘာသာရပ်ဆိုင်ရာသင်တန်းများကို တက်ရောက်အောင်မြင်ပြီးသူများဖြင့် ဖွဲ့စည်းထားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို မိမိလက်ဝယ်ရှိ စွမ်းအားစုများအား အထိရောက်ဆုံး အသုံးချ၍ စီမံဆောင်ရွက်ခြင်း၊ ရထားများဖွဲ့စည်းခြင်း၊ ပြေးဆွဲခြင်းတို့အတွက် ထုတ်ပြန်ထားသည့် ဥပဒေ/နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲလိုက်နာလုပ်ဆောင်ကြရပါသည်။ ထို့ပြင် ရထားသွားလာမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အချက်ပြနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်စေရေးတို့အတွက် အီလစ်ထရွန်နစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်များ အထူးပြုဘွဲ့၊ ဒီပလိုမာ၊ ကျွမ်းကျင်လက်မှတ်ရရှိထားသည့် ဝန်ထမ်းများဖြင့်လည်း ပါဝင်ထည့်သွင်းဖွဲ့စည်းထားရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၁၆-၈-၂၀၂၃ ရက်နေ့မှအဆက်)

ထိုအခါ တန်ခိုးကြီးမားသော အရှင်မောဂ္ဂလာန်သည် မြေကြီးကိုလှန်၍ အောက်ပြင်ရှိ မြေဆီ၊ မြေလွှာ၊ မြေဩဇာတို့ကို ကျွေးရမူကောင်းလေစွဟု ကြံပြီး ဘုရားရှင်အား အသိပေးခွင့်ပြုရန် တောင်းခံလျှောက်ထားသည်။ ဘုရားရှင်က ခွင့်မပြုပါ။ အန္တရာယ်ရှိသောကြောင့်ဖြစ်သည်။ ထိုသို့မရလျှင် အရှင်မဟာမောဂ္ဂလာန်က ရဟန်းတို့အား မြောက်ကျွန်းသို့ ဆွမ်းခံစေလိုကြောင်း တစ်ဖန်ဆက်၍ လျှောက်ထားသည်။ ဘုရားရှင်က ဤသို့ခွင့်မပြုဘဲ အန္တရာယ်ရှိကြောင်း မိန့်မြွက်လေသည်။

**မှတ်ချက်။** ။ဟိုရှေးဘဝက အလောင်းတော်ဘဝ လူပျက်လူဆိုးဖြစ်စဉ်က ဖုဿဘုရားရှင်လက်ထက်က တပည့်ရဟန်းတို့အား မုယောဆန်ကြမ်းကို စားကြကုန်၊ သလေးဆန်ကောင်းကို မစားရန် ရေရွတ်ပြောဆို ပြစ်မှားခဲ့ဖူးသည်။ ထိုဝဋ်ကြွေးကြောင့် ယခုဝေရဉ္ဇာပြည်၌ သီတင်းသုံးနေစဉ် တစ်ဝါလုံး မုယောဆန်ကြမ်းကို ဘုဉ်းပေးရခြင်း ဖြစ်သည်။

**သာသနာတော်ရှည်ကြာကြောင်း သိက္ခာပုဒ် ပညတ်ရန် လျှောက်ထားခြင်း**

ဝေရဉ္ဇာပြည်၌ ဘုရားရှင် ဝါကပ်သီတင်းသုံးနေသောအချိန်၌ ပညာအရာတွင် ဧတဒဂ်ရသောလက်ယာရံ အရှင်သာရိပုတ္တရာသည် တစ်နေ့သောအခါ တစ်ပါးတည်းနေထိုင်ရင်း အဘယ်ဘုရားရှင်တို့၏သာသနာသည်ကြာမြင့်စွာ မတည်နိုင်သနည်း။ အဘယ်ဘုရားရှင်တို့၏ သာသနာသည် ကြာမြင့်စွာ တည်လေသနည်းဟု စဉ်းစားတွေးခေါ်နေသည်။ တစ်ညနေချမ်းအချိန်သို့ရောက်သောအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ထိုစဉ်းစားချက်တို့ကို လျှောက်တင်မေးမြန်းရာ ဘုရားရှင်က အောက်ပါအတိုင်း ပြန်လည်ဖြေကြား မိန့်မြွက်လေသည်။

(၁) ဝိပဿီ၊ သိခီ၊ ဝေဿဘူ အစရှိသော ဘုရားရှင်တို့၏ သာသနာသည် သာဝကအဆက်အားဖြင့် ကြာမြင့်စွာ မတည်ခဲ့ချေ။

(၂) ကကုသန်၊ ကောဏာဂုံ၊ ကဿပမည်သော ဘုရားရှင်တို့၏ သာသနာသည် သာဝကအဆက်အားဖြင့် ကြာမြင့်စွာ တည်ခဲ့ပေ၏ဟူ၍ မိန့်တော်မူလေသည်။

ဤသို့အားဖြင့် ဘုရားရှင်ထံမှ မိန့်မြွက်ချက်ပေါ်မူတည်၍ အရှင်သာရိပုတ္တရာက မေးမြန်းလျှောက်ထားလေသည်။ ဘုရားရှင်ကလည်း အောက်ပါအတိုင်း ပြန်လည်ဖြေကြားလေသည်။

(၁) ဘုရားရှင်သည် ဝိပဿီ၊ သိခီ၊ ဝေဿဘူဘုရားရှင်တို့က တပည့်သာဝကတို့အား အကျယ်ဟောကြားရန် ကြောင့်ကြမစိုက်ကြချေ။ တရားဓမ္မကလည်း အနည်းသာရှိသည်။ ဝိနည်းသိက္ခာပုဒ်တို့ကို မသတ်မှတ်ချေ။ အနည်း = အာဏာပါတိမောက်တို့ကို ပြတော်မမူခဲ့။ ရဟန်းတို့သည် ခြောက်နှစ်တစ်ကြိမ်သာ ဘုရားထံသို့လာ၍ ၎င်းဘုရားရှင်၏ အဆုံးအမဩဝါဒ ပါတိမောက်ဖြင့် ဥပုသ်ပြုကြကုန်၏။ ဘုရားရှင်၏ သာသနာသက်သည် အနှစ်ခြောက်သောင်းသာ ကြာမြင့်သည်။ သာဝကနှစ်ဆက်သာ တည်တံ့ခိုင်မြဲသည်။ ဤဘုရားရှင်တို့နှင့် သာဝကတို့ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ယင်းဘုရားရှင်တို့၏ တရားသည် ဖရိုဖရဲဖြစ်ကာ နောင်လာနောက်သား ရဟန်းတို့လက်ထက်၌ သာသနာကောင်းစွာ လျင်စွာကွယ်ပျောက်ကြောင်း ဟောတော်မူသည်။

(အနှစ်တစ်သိန်း၌ ပွင့်တော်မူသော ဘုရားရှင်တို့၏ တပည့်ရဟန်းတို့သည် လုံးဝအပြစ်ကင်းစင်သောကြောင့် ဝိနည်းသိက္ခာပုဒ်ကို ဘုရားရှင်တို့က မသတ်မှတ်မပညတ်ခြင်းဖြစ်ပါသည်။)

(၂) ဘုရားရှင်ကဆက်၍ "ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့သည် တပည့်သာဝကတို့အား အကျယ်ဟောကြားရန် ကြောင့်ကြစိုက်ထုတ်ကုန်ကြသည်။ တရားဓမ္မကလည်း များပြားလှပါသည်။ ရဟန်းတို့ကိုလည်း ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ဝိနည်း = အာဏာပါတိမောက်ကို ပြတော်မူသည်။ အာဏာပါတိမောက်ဖြင့် ရဟန်းတို့အား လဝက်တစ်ကြိမ် ဥပုသ်ပြုစေသည်။ ထိုဘုရားရှင်တို့နှင့် သာဝကရဟန်းတို့ ပရိနိဗ္ဗာန်စံပြီးနောက် သာသနာတော်သည်လည်း ဖရိုဖရဲမဖြစ်၊ တည်တံ့ကုန်သည်၊ ဝိနည်းသိက္ခာပုဒ်တို့ဖြင့် သတ်မှတ်ပညတ်ထားခြင်းကြောင့် ထိုဘုရားရှင်တို့၏ သာသနာတော်သည် သာဝကများ အဆက်ပေါင်းများစွာ တည်တံ့ခိုင်မြဲနေလေသည်။ နောင်လာနောက်သားရဟန်းတို့ကလည်း သာသနာတော်ကို ကြာမြင့်စွာ တည်စေကုန်သည်ဟူ၍ မိန့်မြွက်လေသည်။

> **ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်ကို ပညတ်ခြင်း၊ ပါတိမောက်တို့ပြခြင်းမှာ အချိန်အခါတို့သည် ဘုရားရှင်သာသိကြောင်း၊ ရဟန်းသံဃာများ အပြစ်ကျူးလွန်မှု မရှိသမျှကာလပတ်လုံး ပညတ်တော်မမူ၊ အာဏာပါတိမောက်ကို ပြတော်မမူပေ။ အာသဝေါတရားတို့၏ တည်ရာဖြစ်သော ကာမဂုဏ်ငါးပါးပွားစီးခြင်း၊ ရဟန်းတော်များ အလွန်များပြားလာခြင်း၊ လာဘ်လာဘများပြားခြင်း၊ လာဘ်ပူဇော်သက္ကာရ၊ အခြံအရံကို တောင်းတခြင်း၊ ဗဟုကိစ္စဗျာပါရများပြားခြင်းဟူသော မကောင်းမှုဒုစရိုက်မှုများပြုကြောင်း စသည်တို့မဖြစ်ပွားလေသမျှကာလပတ်လုံး သံဃာတော်များ၌ အပြစ်ကင်းကြသည်၊ ကိလေသာအမည်းအညစ်များကင်းကြသည်ဖြစ်၍ သိက္ခာပုဒ်ပညတ်ရန်အကြောင်းမရှိသည်ကို ဟောကြားတော်မူ**



(ယင်းဘုရားရှင်တို့၏ သက်တမ်းသည် အနှစ်လေးသောင်းတမ်း၊ အနှစ်သုံးသောင်းတမ်း၊ အနှစ်နှစ်သောင်းတမ်းတို့၌ ပွင့်တော်မူကြသော ဘုရားရှင်များဖြစ်ကြပါသည်။ သိက္ခာပုဒ်တို့ကိုလည်း ပညတ်သတ်မှတ်ခဲ့သောကြောင့် သာဝကအဆက်ပေါင်းများစွာတိုင် တည်တံ့ခိုင်မြဲလေသည်။)

အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ မိန့်မြွက်ကို ကြားနာပြီးနောက် ဘုရား၏သာသနာကို အဓွန့်ရှည်ကြာစေချင်သည်။ ဘုရားတစ်ဆူနှင့်တစ်ဆူ ပွင့်တော်မူသည်မှာ ဒုလ္လဘတရားဖြစ်ပါသည်။ သာသနာတော် အသက်ရှည်မှသာလျှင် သတ္တဝါတို့၏ အကျိုးစီးပွားချမ်းသာမည်။ ထို့ကြောင့် ဘုရားရှင်အား ယခုသာသနာတော် အဓွန့်ရှည်အောင် ဝိနည်းသိက္ခာပုဒ်များ ပညတ်တော်မူရန်၊ အာဏာပါတိမောက်ကို ပြတော်မူရန် အချိန်ရောက်ကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်က အရှင်သာရိပုတ္တရာ လျှောက်ထားချက်ကို ဆိုင်းငံ့ရန် အကြောင်းပြချက်များဖြင့် ရှင်းပြသည်။ ဝိနည်းသိက္ခာပုဒ်ကို ပညတ်ခြင်း၊ ပါတိမောက်တို့ပြခြင်းမှာ အချိန်အခါတို့သည် ဘုရားရှင်သာသိကြောင်း၊ ရဟန်းသံဃာများ အပြစ်ကျူးလွန်မှု မရှိသမျှ ကာလပတ်လုံး ပညတ်တော်မမူ၊ အာဏာပါတိမောက်ကို ပြတော်မမူပေ။ အာသဝေါတရားတို့၏ တည်ရာဖြစ်သော ကာမဂုဏ်ငါးပါး ပွားစီးခြင်း၊ ရဟန်းတော်များ အလွန်များပြားလာခြင်း၊ လာဘ်လာဘများပြားခြင်း၊ လာဘ်ပူဇော်သက္ကာရ၊ အခြံအရံကို တောင်းတခြင်း၊ ဗဟုကိစ္စဗျာပါရ များပြားခြင်းဟူသော မကောင်းမှုဒုစရိုက်မှုများ ပြုကြောင်း စသည်တို့မဖြစ်ပွားလေသမျှ ကာလပတ်လုံး သံဃာတော်များ၌ အပြစ်ကင်းကြသည်၊ ကိလေသာ အမည်းအညစ်များ ကင်းကြသည်ဖြစ်၍ သိက္ခာပုဒ် ပညတ်ရန်အကြောင်းမရှိသည်ကို ဘုရားရှင်က ဟောကြားတော်မူလေသည်။

**ဝေရဉ္ဇာပုဏ္ဏားကြီးသည် ဘုရားရှင်အား အလှူကြီးပေးခြင်း**

ဘုရားရှင်သည် ဝါကျွတ်တော်မူရာ၌ ပင့်ဖိတ်သူတို့အား အကြောင်းကြား အသိမပေးဘဲ ကြွလေ့မရှိပါကြောင်းကို သူ၏ ညီတော်အရှင်အာနန္ဒာအား မိန့်တော်မူသည်။ ထို့ကြောင့် ညနေချမ်းချိန်၌ ဘုရားရှင်သည် အရှင်အာနန္ဒာအားခေါ်၍ ဝေရဉ္ဇာပုဏ္ဏားကြီးအိမ်သို့ ကြွလေသည်။ မြို့တံခါးဝမှစ၍ လမ်းကြီးလမ်းငယ်အသွယ်သွယ် ရောင်ခြည်တော်တို့ဖြင့် ထွန်းလင်းစေလျက် ပုဏ္ဏားကြီးအိမ်သို့ ဘုရားရှင် ကြွသွားလေသည်။

ဘုရားရှင်သည် ဝေရဉ္ဇာပုဏ္ဏားကြီး၏ အိမ်တံခါးဝသို့ရောက်သော် ရပ်လျက်နေတော်မူ၏။ ပုဏ္ဏားကြီးသည် ဘုရားရှင်ကြွလာကြောင်း မြင်လေသော် သတိရကာ ထိတ်ထိတ်ပျာပျာဖြင့် ဘုရားရှင်ထိုင်ရန် နေရာထိုင်ခင်းများကို ပြင်ဆင်လေသည်။ ထို့နောက် ဘုရားရှင်အား အိမ်ထဲသို့ ပင့်ဖိတ်ခဲ့သည်။ ဘုရားရှင်ကလည်း ပုဏ္ဏားကြီးခင်းထားသောနေရာတွင် ထိုင်တော်မူလေသည်။

(ပုဏ္ဏားကြီးသည် ရှေ့က မာရ်နတ်ကဝင်ပူး၍ နှောင့်ယှက်ထားသဖြင့် ဘုရားရှင်ကို သတိမရဘဲ နေခြင်းဖြစ်သည်။ ယခုမူ မာရ်နတ်သည် နှောင့်ယှက်မှုရုပ်သိမ်းသွားခြင်းကြောင့် ဘုရားရှင်အား ဧည့်ခံတော်မူခြင်းဖြစ်ပါသည်။)

ပုဏ္ဏားကြီးက ဘုရားရှင်အား ရှိခိုးပူဇော်ပြီးသောအခါ ဘုရားရှင်က သင်၏ ပင့်ဖိတ်ချက်အရ ဝါကပ်ခဲ့ပြီဖြစ်ကြောင်း ယခု၌ ဒေသစာရီကြွတော်မူမည်ဆိုသည့်အကြောင်းကြောင့် အကြောင်းကြားရခြင်းဖြစ်သည်ကို မိန့်မြွက်လေသည်။ ပုဏ္ဏားကြီးသည် ဘုရားရှင်အား သူ့အိမ်တွင် ရဟန်းအပေါင်းနှင့် ကြွတော်မူရန် ပင့်ဖိတ်သည်။ ယခု နောက်ကျသွားရခြင်းသည် လှူဖွယ်ပစ္စည်းမရှိ၍လည်း မဟုတ်ပါ။ လှူလိုသော ဆန္ဒမရှိ၍လည်း မဟုတ်ပါ။ လူဝတ်ကြောင်တို့တွင် ပြုဖွယ်ကိစ္စများနေပြီး မအားလပ်သောကြောင့် နောက်ကျရခြင်းဖြစ်ကြောင်းကို ရှင်းပြလျှောက်ထားလေသည်။ ဘုရားရှင်လည်း ဆိတ်ဆိတ်နေ၍ သည်းခံတော်မူပြီး ပုဏ္ဏားကြီးအား တရားဟော၍ ပြန်ကြွလာခဲ့သည်။ (ပုဏ္ဏားကြီးသည် မာရ်နတ်၏ လှည့်စားမှုကို မသိရှာပါ။ လူကိစ္စများ၍ သတိမေ့လျော့ခြင်းဖြစ်သည်ဟု အောက်မေ့မိသည်)။

ပုဏ္ဏားကြီးသည် ဘုရားရှင် ပြန်ကြွသွားပြီးနောက် သူ့မိသားစုကို စုဝေးပြီး ဘုရားရှင်အား ဝါတွင်းသုံးလလုံး ဆွမ်းတစ်ထပ်မျှ မကပ်ရ၊ လှူဖွယ်ပစ္စည်းများ မလှူရသဖြင့် ဘုရားရှင်အား မနက်ဖြန်တွင် ဆွမ်းကပ်၍ လှူဖွယ်ပစ္စည်းများ တစ်ရက်တည်းနှင့် လှူဒါန်းကြရန် စီစဉ်ညွှန်ကြားလေသည်။

ပုဏ္ဏားကြီးသည် လှူဖွယ်ပစ္စည်းများ၊ ပန်းနံ့သာတို့ဖြင့် စီစဉ်ပြီးသောအခါ ဘုရားရှင်အား လူလွှတ်၍ ပင့်ဖိတ်စေခဲ့သည်။ ဘုရားရှင်လည်း ရဟန်းငါးရာနှင့် ပုဏ္ဏားကြီးအိမ်သို့ ကြွလေသည်။ ပုဏ္ဏားကြီးက ဘုရားရှင်နှင့် ရဟန်းသံဃာတို့အား နေရာထိုင်ခင်းများဖြင့် နေရာချ၍ ဘုရားအမှူးပြုသော ရဟန်းငါးရာတို့အား ဆွမ်းဘောဇဉ်များ ဆက်ကပ်လေသည်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် ပုဏ္ဏားကြီးသည် ဘုရားရှင်အား တစ်ထောင်စီတန်သော သင်္ကန်းလျာပုဆိုးသုံးထည်ကို လှူဒါန်းဆက်ကပ်သည်။ ရဟန်းငါးရာအသီးသီးကိုလည်း တစ်ထောင်စီတန်သော ပုဆိုးနှစ်ထည်စီကို လှူဒါန်းလေသည်။ ထိုမျှမကသေး ရဟန်းပရိက္ခရာများကိုလည်း ထပ်မံလှူဒါန်းလေသည်။ ယင်းသို့လှူဒါန်းပြီးသောအခါ ပုဏ္ဏားကြီးသည် သားမယားနှင့်အတူ ဘုရားရှင်အား ရိုသေစွာရှိခိုး၍ သူတို့ထိုင်သင့်သောနေရာတွင် ထိုင်လေသည်။

ဘုရားရှင်သည် ပုဏ္ဏားကြီးအား တစ်ဝါတွင်းလုံး ဟောရမည့်တရားများကို တစ်ရက်တည်းဖြင့် တရားမိုး ရွာသွန်းဟောကြားသည်။ ၎င်းသည် ကောင်းမှုတို့ဖြင့် ဝမ်းမြောက်ပြီး ကောင်းမှုသဒ္ဓါဖြင့် ပွားများ၍ နှစ်သက်ရွှင်လန်းစေသည်။ ဤသို့ဖြင့် ဘုရားရှင်သည် တရားဟောပြီးသောအခါ ဖယ်ခွာကြွသွားတော်မူလေသည်။ ပုဏ္ဏားကြီးနှင့် သားမယားတို့သည် ဘုရားရှင်အား ရိုသေစွာကန်တော့ကြလေသည်။ ထို့နောက် ဘုရားရှင်နှင့် ရဟန်းတို့အား ပုဏ္ဏားကြီးနှင့် သားမယားတို့သည် လိုက်လံပို့ဆောင်ပြီး မိမိအိမ်သို့ မျက်ရည်များတတွေတွေ ကျကာ ပြန်သွားလေသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၀

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ထိပ်သီး အစည်းအဝေး (International Transport Summit 2023)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ မော်စကို အစိုးရပို့ဆောင်ရေးနှင့် လမ်းပန်းဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံများ၏ မြို့တော်များတွင် လက်ရှိကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြဿနာများအတွက် ဆွေးနွေးနိုင်မည့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများ တွေ့ဆုံရာ စင်္ကြံတစ်ရပ်ဖြစ်ပေါ် လာစေရေးနှင့် ပို့ဆောင်ရေးဆိုင်ရာကဏ္ဍတွင် မြို့တော်များအကြား ဆက်ဆံရေး ပိုမိုအားကောင်းလာစေပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ဆုံးဖြတ်ရေးကို ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **မွန်တိုးတက်ရေးပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၄ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီ စုစုပေါင်း ၆၄ ပါတီ ရှိပြီဖြစ်သည်။ ယခု လျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "စအိုလာ" သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ



ရန်ကုန် ဩဂုတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကား ပြောကြား၍ စာပေပညာဌာန၊ ဂီတပညာဌာန၊ သဘင်ပညာဌာန၊ ပန်းချီပညာဌာန၊ ပန်းပုပညာဌာန၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနတို့မှ ဌာနမှူးများ၊ တာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၌ ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာများကို မေးမြန်းဆွေးနွေးပြီး စစ်တွေမြို့မှ ရောက်ရှိလာသော မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် သစ်ပင်ကြီးများ၏ သစ်မြစ်ဆုံများအား ပန်းပုရုပ်များဖန်တီးနိုင်ရန် နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် လောကသားများအား (၁၃) ကြိမ်မြောက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားတို့အား (၁၃) ကြိမ်မြောက် ဆန်၊ ဆီ၊ ကြက်သွန်နှင့် ဘဲဥ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ပြုလုပ်သည်။

မြန်မာ့ရုပ်ရှင်လောကသားများဖြစ်ကြသည့် အုပ်ချုပ်/ဖြန့်ချီ၊ ဇာတ်ညွှန်း၊ တည်းဖြတ်၊ စက်မှု၊ ဇာတ်ပို့/ ဇာတ်ရံ၊ အဓိက သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဗီဒီယို၊ ပြဇာတ်နောက်ခံ တေးဂီတ၊ ထုတ်လုပ်သူတို့ကို တစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ကြက်သွန် ၄၅ ကျပ်သား၊ ဘဲဥ ၁၀ လုံးတို့ကို ဩဂုတ် ၂၈ ရက်မှစ၍ ၃၁ ရက်အထိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အလှူ ၁၀ လှူအား ထောက်ပံ့ပေးလျက်ရှိသည်။

"ကျွန်တော်တို့အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ကိုဗစ်ကာလမှာ စားသောက်ကုန်ထောက်ပံ့မှုပေးခဲ့တာ အခုဆိုရင် (၁၃) ကြိမ်ရှိပါပြီ။ အဲဒီကာလမှာ ၃ လ၊ ၄ လတစ်ကြိမ်ပေးခဲ့တာ ယနေ့ထိပါပဲ။ မြန်မာ့ရုပ်ရှင်လောကသားတွေကို တတ်နိုင်သမျှ ထောက်ပံ့မှုပေးခဲ့တာက ၁၉၉၅ ခုနှစ်ကတည်းကပါ။ ဒီတစ်ပတ်မှာ ကြက်သွန်ကို အနုပညာရှင်အချို့က လှူဒါန်းပြီးတော့ ကျန်တာကို ရုပ်ရှင်အစည်းအရုံးက လှူဒါန်းတာပါ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

ပြီးခဲ့သည့် (၁၂) ကြိမ်မြောက်၌ မြန်မာ့ရုပ်ရှင်လောကသား ၃၀၀၀ ကျော်တွင် လူဦးရေ ၁၅၀၀ ခန့်ကိုလည်းကောင်း၊ ယခု (၁၃) ကြိမ်မြောက်တွင် လူဦးရေ ၁၄၀၀ ကျော်ကိုလည်းကောင်း စားသောက်ကုန်များ ထောက်ပံ့ပေးဝေခဲ့ပြီး ဩဂုတ် ၃၁ ရက်၌ စက်မှုအလှူနှင့် ဇာတ်ပို့အလှူတို့ကိုစားသောက်ကုန်လေးမျိုးဖြင့် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး



## အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အလုံမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၏ကျောင်းကောင်စီဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဌေးကြွယ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးအောင်စိုးနှင့် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားကြကြောင်း သိရသည်။

မောင်မောင်(လှုပ်စစ်)



# BRICS နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်ဖြစ်လာခြင်းကြောင့် အမေရိကန်၏ တစ်ဖက်သတ်ဖိနှိပ်မှုများကိုတွန်းလှန်နိုင်မည်ဟု အီရန်ပြောကြား

**တီဟီရန် ဩဂုတ် ၂၀**

အီရန်နိုင်ငံက BRICS အဖွဲ့နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်းအားဖြင့် အမေရိကန်၏ တစ်ဖက်သတ်ဖိနှိပ်မှုများကို တွန်းလှန်နိုင်မည်ဟု အီရန်သမ္မတ အီဘရာဟင်ရိုင်စီက ပြောကြားသည်။

အီရန်နိုင်ငံ၏ မြင့်မားသည့် စွမ်းဆောင်ချက်များကြောင့် ၎င်းအဖွဲ့အစည်းများအတွင်း နေရာရရှိလာမည်ဟုလည်း ၎င်းက ထပ်လောင်းပြောကြားသည်။ အီရန်နိုင်ငံက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် BRICS အဖွဲ့သို့ ဝင်ရောက်ရန် အခြားငါးနိုင်ငံနှင့်အတူ ကမ်းလှမ်းခံခဲ့ရပြီးနောက် ၎င်းအဖွဲ့အတွင်းသို့ ယခုသီတင်းပတ်အတွင်း ဝင်ရောက်ခဲ့သည်။

အီရန်နိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် ဆောင်ရွက်နေသည့် ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သော SCO နှင့်ဆက်ဆံရေးနှင့် ပတ်သက်၍လည်း အလွန်တန်ဖိုးထားကြောင်း ၎င်းကပြောကြားခဲ့သည်။

အနောက်နိုင်ငံများ၏ အလိုကျ အီရန်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေရေး ခြယ်လှယ်ရန်ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် နျူကလီးယားဆွေးနွေးပွဲ စားပွဲဝိုင်းမှ ထွက်ခွာသွားမည်မဟုတ်သလို နိုင်ငံ၏ ကံကြမ္မာကို အနောက်နိုင်ငံများက ဆုံးဖြတ်မည့်အရေးကို လက်သင့်ခံမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**





# ဗီယက်နမ်နိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာ

**ဟန္နိုင်း ဩဂုတ် ၂၀**

ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမ ရှစ်လအတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၅ ဘီလီယံနီးပါးကို ဆွဲဆောင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ပြောကြားသည်။

ယင်းကာလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပရောဂျက်ပေါင်း ၁၉၂၄ ခုကို လိုင်စင်ထုတ်ပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမရှစ်လတာကာလအတွင်း FDI လုပ်ငန်းပေါင်း ၈၃၀ တွင် အရင်းအနှီး ဒေါ်လာ ၄ ဒသမ ၅၄ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပြီး ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံအတွင်း ထုတ်ပေးထားသော FDI အရင်းအနှီး စုစုပေါင်းသည် ဒေါ်လာ ၁၃ ဒသမ ၁ ဘီလီယံရှိကာ တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးလာသည်ဟု ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် လိုင်စင်ရရင်းနှီးမြှုပ်နှံမှု ပရောဂျက်အသစ်ရရှိထားသည့် နိုင်ငံများနှင့် ဒေသများတွင် စင်ကာပူနိုင်ငံသည် ဒေါ်လာ ၂ ဒသမ ၄၅ ဘီလီယံဖြင့် မှတ်ပုံတင်ထားသော အရင်းအနှီးအကြီးဆုံးရင်းမြစ်ဖြစ်ပြီး တရုတ်နိုင်ငံက ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံရှိကြောင်း ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယလဆင်းယာဉ်ချန်ဒရာရန်-၃ လကမ္ဘာ၏ မျက်နှာပြင်ပေါ်တွင် အောက်ဆီဂျင် တွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံ၏ လဆင်းယာဉ်ချန်ဒရာရန်-၃ သည် လမျက်နှာပြင်ပေါ်တွင် အောက်ဆီဂျင်ရှိနေသည်ကို အတည်ပြုပေးခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီက ယနေ့ပြောကြားသည်။

အဆိုပါ မောင်းသူမဲ့ လဆင်းယာဉ်သည် ယခင်က မည်သည့်အာကာသယာဉ်မျှ ရောက်ဖူးခြင်းမရှိသေးသော လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းပေါ်သို့ ပြီးခဲ့သည့် ရက်သတ္တပတ်က သမိုင်းဝင် ဆင်းသက်ခဲ့သည်။

လဆင်းယာဉ်၏ လေဆာကိရိယာသည် လမျက်နှာပြင်ပေါ်တွင် အောက်ဆီဂျင်ရှိနေသည်ကို အိန္ဒိယအာကာသသုတေသနအဖွဲ့က အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့ပြင် ထပ်မံစစ်ဆေးတွေ့ရှိရသည့် အခြားဒြပ်စင်များတွင် ကန့်၊ သံဒြပ်စင်၊ ထုံးဓာတ်နှင့် အလူမီနီယမ်သတ္တုတို့လည်း ပါဝင်ကြောင်း သိရသည်။

မောင်းသူမဲ့ လဆင်းယာဉ်သည် လကမ္ဘာ၏တောင်ဝင်ရိုးစွန်းအနီးရှိ မျက်နှာပြင်ဖွဲ့စည်းမှုအပေါ် တိုင်းတာမှုများပြုလုပ်ခဲ့ကြောင်း အေဂျင်စီက ပြောကြားသည်။

လဆင်းယာဉ်သည် မြေပြင်အနေအထား မညီညာသော နေရာတစ်ခုသို့ သုတေသနများဆောင်ရွက်ရန် ရိုဗာကို စေလွှတ်ခဲ့သည်။ ထိုဧရိယာတွင် ရေခဲပုံစံဖြင့် ရေများပါဝင်နေကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။

အိန္ဒိယနိုင်ငံသည် အာကာသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၎င်း၏ ပထမဆုံးသော နေအဖွဲ့အစည်း စူးစမ်းလေ့လာရေးပြိုဟ်တုကို စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပနိုင်ငံများသို့ ရော်ဘာတင်ပို့မှု ၂၀၂၃ ခုနှစ် ပထမခုနစ်လအတွင်း သုံးရာခိုင်နှုန်းအထိ မြင့်တက်

**ဖနောင်ပင် ဩဂုတ် ၂၀**

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်၏ ပထမခုနစ်လတာကာလအတွင်း ရော်ဘာတန်ချိန် ၁၇၀၉၆၈ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။



**ဝင်ငွေရရှိခဲ့**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၅ သန်း ဝင်ငွေရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ရော်ဘာ အဓိကတင်ပို့ခဲ့သည့် နိုင်ငံများမှာ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံက ၄၀၄၅၇၈ ဟက်တာတွင် ရော်ဘာပင်များကို စိုက်ပျိုးထားခဲ့ပြီး ၃၁၅၃၃၂ ဟက်တာပေါ်တွင် စိုက်ပျိုးထားသော ရော်ဘာပင်များ သို့မဟုတ် ၇၀ ရာခိုင်နှုန်းသော ရော်ဘာပင်များသည် သက်တမ်းရင့်အပင်များဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# စူပါတိုင်ဖွန်းစအိုလာတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား

**မနီလာ ဩဂုတ် ၂၀**

စူပါတိုင်ဖွန်းစအိုလာတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ ၂၀၀၀၀၀ နီးပါး ထိခိုက်ခံစားနေရကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့ ပြောကြားသည်။

ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး လူတစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။ သို့သော် ယခုအချိန်အထိ သေဆုံးသူမရှိသေးကြောင်း သိရသည်။

တိုင်ဖွန်း စအိုလာတိုက်ခတ်မှုကြောင့် ပင်မလူဇွန်ကျွန်းနှင့် ဖိလစ်ပိုင်အလယ်ပိုင်းတွင် မြေပြိုမှု ၁၂ ခုနှင့် ရေကြီး ရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ဒေသခံပြည်သူ ၃၅၀၀၀ ကျော်ကို ယာယီစခန်းများသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

စအိုလာသည် ဩဂုတ် ၂၇ ရက်နံနက်အစောပိုင်းတွင် စူပါတိုင်ဖွန်းအဖြစ်သို့ ပိုမိုအားကောင်းလာကာ ဖိလစ်ပိုင်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့သည်။

စအိုလာသည် မြောက်ဘက်စွန်းပြည်နယ် ဘာတိန်းစ်ကို ကျော်လွန်ကာ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး လေပြင်းတိုက်ခတ်နှုန်း



တစ်နာရီလျှင် ၁၉၅ ကီလိုမီတာမှ ၂၄၀ ကီလိုမီတာအထိရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနက ပြောကြားသည်။

လာမည့်အရက်အနည်းငယ်အတွင်း အထူးသဖြင့် တောင်တန်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ဖိလစ်ပိုင်လေထု၊ ဘူမိရူပနှင့် နက္ခတ္တဗေဒဝန်ဆောင်မှုများ စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

**ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိ**

စအိုလာသည် ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ်အတွင်း ဝင်ရောက်တိုက်ခတ်သည့် သတ္တမမြောက် တိုင်ဖွန်းဖြစ်ပြီး စက်တင်ဘာ ၁ ရက်အထိ စူပါတိုင်ဖွန်းအဖြစ် ဆက်လက်တည်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။ အလားတူ အင်အားပြင်း အပူပိုင်းမုန်တိုင်း ဟိုက်ကူသည် ဖိလစ်ပိုင်နိုင်ငံသို့ ချဉ်းကပ်လျက်ရှိပြီး လူဇွန်မြောက်ပိုင်းဒေသများကို ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# သာစည်မြို့နယ်နှင့် သဃ်င်းကျွန်းမြို့နယ်တို့တွင် ငွေကျပ် ၁၀၅ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် သုံးတန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၈၆ သန်းနှင့် ခဲယမ်းများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၀

သာစည်မြို့နယ်နှင့် သဃ်င်းကျွန်းမြို့နယ်တို့တွင် ငွေကျပ် ၁၀၅ ဒသမ ၃၇ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၈၆ သန်းနှင့် ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် သာစည်မြို့နယ် တောင်ကြီး-သာစည်သွားကားလမ်း ကျွဲတပ်ဆုံကျေးရွာအနီးတွင် ကျော်ဇင်ထွန်း မောင်းနှင်ပြီး ထွန်းဝေ(ခ)ဖိုးဇကာ လိုက်ပါလာသည့် NISSAN ၁၈ ဘီးတွဲယာဉ်ကို သတင်းအရ ရှာဖွေရာ ကျောက်မီးသွေးမှုန့်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ သန်းနှင့် 7.62 ကျည်တောင့် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ကိုထွန်း(ခ) ထွန်းမင်းလတ်နှင့် ကျော်လှိုင်(ခ)ကိုကိုလှိုင် တို့ကို ဒက္ခိဏသီရိမြို့နယ် (၂၀၁) မိုင်စစ်ဆေးရေး ဂိတ်တွင် ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သဃ်င်းကျွန်းမြို့နယ် အင်ကြင်းမြိုင်လမ်းရှိ နေအိမ်တွင် ဝင်းထွန်းဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈၆ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄ ဒသမ ၈ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၈၆ သန်းနှင့် 7.62 ကျည်တောင့် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက် ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေး အကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hla Hla Sein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်နေ လှလှစိန်အား ည ၁၁ နာရီ ၁၅ မိနစ်တွင် ရွှေညောင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လက်ပံတန်းမြို့နယ် အထက်တန်းကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဩဂုတ် ၂၆ ရက်က မင်းရပ်ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုး၊ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများသည် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၆ ဦးတို့အား ပန်းခင်းစီမံချက် (၂) အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဘီးလင်းတန်းရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဆင့်(လက်ပံတန်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၈-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ ခန္ဓပရိတ်သုတ်၊အနတ္တလက္ခဏသုတ်တရားတော်
၀၆:၃၀ စုဒ္ဒသမတိပိဋကဓရတိပိဋကကောဝိဒတိပိဋကကမ္မောဆရာတော် ဘဒ္ဒန္တဝိရိယာနန္ဒ၏ ထေရုပတ္တိမှတ်တမ်း (အပိုင်း-၄)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၀ မေတ္တာအခါတော်နေ့တရားတော်
၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ စာရေးတံမဲဝါခေါင်ပွဲ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
၁၂:၃၀ မေတ္တာလွှမ်းခြုံအောင်ရန်လုံ့တရားတော်
၁၃:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘မာယာဖျက်နာဖုံး’** (အပိုင်း-၃၈)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘လေနှင်ရာခရီး’** (အပိုင်း-၇)
၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း’** (အပိုင်း-၈)
၁၆:၃၅ မျိုးဗုဇ်တင့်စေဆိုကရေးတီးအငွေ
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ဟာရဝိဇယ မြတ်ဗုဒ္ဓ
၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ **‘ချွန်တွန်းနှင့်အဖိန့်ဗရာအပေါင်းဆိုင်’** (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘လေနှင်ရာခရီး’** (အပိုင်း-၉)

**mitv**

07:02 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Shwedagon Buddha Museum
07:17 TUK TUK In Myanmar (Mandalay)
08:01 News
08:27 Introductory Programme of Literary Award Winners: Maung Nai (Dathanika)
08:42 Children's Delight
09:01 Discovering Tribes: Taisun (Their Life and Customs) (Part-2)
09:24 May the Metta, Loving Kindness Flourish (Full Moon Day of Wakhaing)
09:43 The Recycle Art: Tyre
10:01 News
10:27 Myanmar Traditional Instruments (MYANMA OBOE)

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းပွေ့ရာရခိုင့်ဓလေ့ရှေးရိုးရာ (အပိုင်း-၄)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
မွေခံထိုက်သူ (ဇာတ်လမ်းတို)
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဗိတ်ခေါ်ပါတယ်လေကယားတို့မြေရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့
**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
လက်ရစ်ချည်မြူပွဲမင်္ဂလာ
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ရိုးရာဖြစ်တည်ရာဝါခေါင်လချည်မြူပွဲမင်္ဂလာ
**ချင်း (လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **‘ကိုယ်နှင့်မဆိုင်သော်လည်း’**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)

**MRTV FARMERS' HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၀ ဆန်အရည်အသွေးနှင့်စားသုံးမှုအရည်အသွေးတို့အား တောင်သူများ ပူးပေါင်းပါဝင်လေ့လာ အကဲဖြတ်ခြင်း
၀၆:၂၅ ဒေသဝမ်းစာဖူလုံရေးမှသည်လူမှုဘဝဖွံ့ဖြိုးရေးဆီ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Modern Agriculture Machines Harvesting Tons of Fennel, Red Cabbage, Green Onion, Broccoli
၁၈:၃၀ ကျွန်မခင်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၈)
၁၉:၀၀ June Tour of Our South Garden! //Garden Answer

**MRTV SPORTS HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ ရှင်သန်ကြိုးစားအနာဂတ်ရဲ့ကြယ်လေးများ

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ သင်တန်းအမှတ်စဉ် (၃) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက လှိုင်မြို့နယ်ရှိ လှိုင်စင်တာ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဆန်းဝင်း၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၁ ရာစုခေတ်ကို ပညာရှင်များက တတ်သိပညာခေတ်(Knowledge Age) ဟု ဆိုကြောင်း၊ တတ်သိပညာခေတ်ဖြစ်တာနှင့်အညီ ကမ္ဘာတစ်ဝန်းလုံးတွင် ဆက်သွယ်ရေးနည်းပညာနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများက လျင်မြန်စွာ တိုးတက်ပြောင်းလဲနေကြောင်း၊ သတင်းအချက်အလက်များ လျင်မြန်လာမှုနှင့် နည်းပညာ တိုးတက်ပြောင်းလဲလာမှုကြောင့် လူထုဆက်သွယ်ရေးနည်းလမ်းများ ထိရောက်မှုရှိလာပြီး စာကြည့်တိုက်များ၏ အခန်းကဏ္ဍမှာလည်း အရေးပါလာကြောင်း၊ သတင်းအချက်အလက်ဆိုင်ရာ နည်းပညာသည် စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားတစ်ရပ်ဖြစ်ကာ သတင်းအချက်အလက် ကွာဟချက်ပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ကွာခြားကြကြောင်း၊ ပြည်သူ့စာကြည့်တိုက်များအတွက် မရှိမဖြစ်လိုအပ်သည့် စာအုပ်များကို ငွေကျပ် သိန်း ၅၅၀ တန်ဖိုးရှိ စာအုပ်စာစောင်များဖြင့် နှစ်ကြိမ်တိုင်တိုင် ပေးအပ်လှူဒါန်းခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း စာအုပ်စာစောင်များကို ဆက်လက်လှူဒါန်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဥပဒေချုပ်က စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုများပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား ကော်မတီဝင်စာရေးဆရာ ဦးဟိန်းလတ်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက သင်တန်းသား သင်တန်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ စာကြည့်တိုက်ပညာ သင်တန်းအမှတ်စဉ် (၃) ကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒဂုံတက္ကသိုလ်၌ ဥပဒေဆိုင်ရာဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကြီးမှူးကျင်းပသည့် ဥပဒေဆိုင်ရာဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာ သာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီးဒေါက်တာ မောင်မောင်သိန်း၏အတ္ထုပ္ပတ္တိကိုဖတ်ကြားခြင်း၊ ဆရာကြီး ဒေါက်တာ မောင်မောင်သိန်း Ph.D (Law), LL.M, LL.B, B.A (Law)က Intellectural Property and Copyrights ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ တက်ရောက်လာသူများက မေးမြန်းသည့်မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးလှိုင်အောင်ထွန်းက ဆရာကြီးဒေါက်တာမောင်မောင်သိန်းအား အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့ပြီး ဒဂုံတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာစန်းစန်းမွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဥပဒေဆိုင်ရာဟောပြောပွဲသို့ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူး ဆရာ ဆရာမများ၊ ဥပဒေဘာသာရပ် အထူးပြုကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**

# ပြည်တက္ကသိုလ်(၂၄)နှစ်မြောက် မွေးနေ့အကြိုအထိမ်းအမှတ် ပဒေသာကပွဲကျင်းပ

**ပြည် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၏ (၂၄) နှစ်မြောက် မွေးနေ့အကြိုအထိမ်းအမှတ် သိပ္ပံဘာသာရပ်ပြပွဲ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ ဆံကေသာအလှနှင့် ပဒေသာကပွဲကို ယနေ့ နံနက်ပိုင်းတွင် ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ဘက်စုံသုံးခန်းမ မုခ်ဦးရှေ့၌ သိပ္ပံပြပွဲနှင့် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယ ပါမောက္ခချုပ်များ ဖြစ်သည့် ဒေါက်တာသက်သက်ထွန်း နှင့် ဒေါက်တာမြင့်မြင့်ခိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူလေးများက ပြည်တက္ကသိုလ်သီချင်း ဂုဏ်ပြုသီဆိုခြင်းနှင့် ရွှေမိုးရွာသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိပ္ပံဘာသာရပ်ပြပွဲပြခန်းများ၊ သချာစွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာ အားပေးကြသည်။

ထို့နောက် ဘက်စုံသုံးခန်းမ၌ အခမ်းအနားဒုတိယပိုင်းဆက်လက်ကျင်းပရာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာ စကားပြောကြားပြီး ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းက ပြည်တက္ကသိုလ် ဖြစ်ပေါ်လာပုံ နောက်ခံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူလေးများက ပျူခေတ်အကနှင့် တိုင်းရင်းသားအက ပဒေသာများ ကပြသီဆိုဖျော်ဖြေခြင်း၊ ခေတ်အဆက်ဆက် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြသခြင်းနှင့် ဆံကေသာ အလှပြသခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဟားခါးခရိုင်၌ အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**ဟားခါး ဩဂုတ် ၁၀**

ချင်းပြည်နယ် ဟားခါးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ဆောင်ရွက်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ဟားခါးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတမ်အောင် တက်ရောက်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းသို့ ဟားခါးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးရှန်လျန်အုပ်နှင့် သင်တန်းလက်ထောက်နည်းပြ ဒေါ်အီယာန်ရမ်တို့က အဆင့်မြင့်ကွန်ပျူတာဆိုင်ရာ သင်ခန်းစာ၊ ဘာသာရပ်များကို စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် သင်တန်းကာလ ၁၄ ရက်ကြာ အခမဲ့ လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# တပ်ကုန်းမြို့နယ်၌ သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချ

**တပ်ကုန်း ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဆန်စက်အသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေးလျက်ရှိရာ အနော်ရထာရပ်ကွက် ပြည်သူများအား ယနေ့နံနက်ပိုင်းက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရောင်းချပေးသည်။

အဆိုပါဆန်ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ နေပြည်တော် ဆန်စက်အသင်းဥက္ကဋ္ဌ ဦးတင်ထွန်းအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်ပြီး တစ်အိမ်ထောင်လျှင် ဆန် လေးပြည်နှုန်း၊ ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ ဖြင့် ရွာတောကျေးရွာ၌ အိမ်ထောင်စု ၄၈၀၊ ဗိုလ်မင်းရောင်ရပ်ကွက်၌ အိမ်ထောင်စု ၉၂၈ စု၊ ဆရာစံရပ်ကွက်၌ အိမ်ထောင်စု ၁၃၃၀ နှင့် ဘုရင့်နောင်ရပ်ကွက် (ပိန်းတော)၌ အိမ်ထောင်စု ၃၆၀၊ အနော်ရထာရပ်ကွက်၌ အိမ်ထောင်စု ၂၀၀၀ တို့အတွက် ဆန် လေးပြည်အိတ်ပေါင်း ၅၀၉၈ အိတ် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကွမ်းလုံ ဩဂုတ် ၂၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီက လားရှိုးခရိုင် ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်အား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကွမ်းလုံတံတားကြီး စီမံကိန်း ကမ္ပည်းမော်ကွန်းနှင့် သံလွင်မြစ်ကူး (ကွမ်းလုံ) တံတားသစ်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်ခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၄) မှ ဒုတိယညွှန်ကြားရေးမှူးဦးတင်ထွေးက သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေး အဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွမ်းလုံမြို့ ရှောင်လမ်းနှင့် ကွမ်းလုံမြို့ကြိုးတံတားတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်သည် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်သည့် တံတားစီမံကိန်းဖြစ်ပြီး ပင်မတံတားအရှည်မှာ ၂၈၆ မီတာ၊ နှစ်ဖက်ချဉ်းကပ်လမ်း၏ စုစုပေါင်းအရှည် ၄ ဒသမ ၃၀ ကီလိုမီတာရှိ၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ကာ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ကယားပြည်နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

လွိုင်ကော် ဩဂုတ် ၂၀

ကယားပြည်နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ပြည်သူများ၏ စားရေးအတွက် အဓိကကျသည့်ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ရေးကို ကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိလူဦးရေအပေါ်မူတည်ပြီး အခြေခံစားကုန်တစ်မျိုးစီ၏ စားသုံးမှုလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု ပမာဏတို့ကို ချိန်ဆ၍ ဖူလုံလောက်ငမှုနှင့် လိုအပ်ချက်ကို စနစ်တကျစိစစ်သုံးသပ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်မှု ပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်ထုတ်လုပ်ရာတွင် အဓိကကျသည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် လိုအပ်သည့် ပံ့ပိုးမှုများပေးပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် လက်တွေ့ကျပြီး အမှန်တကယ် ထိရောက်သည့်နည်းလမ်းများကို အသုံးပြုကာ သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူ၊ အဖွဲ့ဝင်များဖြစ်သော ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ် ဗဟိုစာရင်းအင်းမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၇၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၅ | ၂၃၃၀ | ၂၃၀၅ | ၂၄၀၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၃၃၁၅ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၇၀၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၆၀၀ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၆၀၀ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၂ | ၂၂၃၈ |
| 95 Ron | ၂၂၇၀ | ၂၃၄၉ |
| HSD (500 ppm) | ၂၃၅၉ | ၂၄၃၆ |
| HSD (50 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (10 ppm) | ၂၄၃၃ | ၂၅၁၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၄၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၄၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ကန်ကြီးထောင့်မြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ကန်ကြီးထောင့် ဩဂုတ် ၃၀

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ ကွင်းယားအရှေ့ကွင်း သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက် ကောင်ရေ ၂၅၀၀၀၀ စိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီက ရန်ကုန်-ပုသိမ် ကားလမ်းမကြီးဘေးရှိ ကွင်းယားအရှေ့ကွင်း၌ ကျင်းပသည်။




အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ငါးမျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြသိန်းနှင့်တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တက်ရောက်လာကြသူများက ကွင်းယားအရှေ့ သဘာဝရေပြင်အတွင်း ငါးမျိုးများ စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတပေါများစေရေး၊ ငါးရိက္ခာဖူလုံစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အခမ်းအနားတွင် ကွင်းယားအရှေ့ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ငါးရှဉ့်သားပေါက် ကောင်ရေ ၁၀၀၀၀၀ နှင့် ထိုင်းငါးပြေမကောင်ရေ၅၀၀၀၀ စုစုပေါင်းငါးသားပေါက် ကောင်ရေ၂၅၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကန်ကြီးထောင့်(ပြန်/ဆက်)**

# "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၃၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။


"ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို ဟားစတိုင်လ်လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး "ဒေါက်တာကောင်းထက်နှင့် သူ၏လူနာများ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ အကယ်ဒမီ အောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ မတူးနှင့် ဟာသပညာရှင်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ စက်တင်ဘာ ၂ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သားအမျိုးသမီးငယ် တစ်ဦးသေဆုံးပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရ




TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်သည့် ဖြစ်စဉ်နေရာပြပုံ။

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သား အမျိုးသမီးငယ် တစ်ဦးသေဆုံးပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာ၏ တောင်ဘက်မီတာ ၅၀၀ ခန့် အကွာမှ လက်နက်ကြီးများဖြင့် ကျေးရွာအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၆ နှစ်အရွယ် အပြစ်မဲ့အရပ်သား အမျိုးသမီးငယ်တစ်ဦး သေဆုံး၍ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာ၏အနောက်တောင်ဘက်သို့ဆုတ်ခွာသွားကြောင်းသိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ကွတ်ခိုင် ပြည်သူ့ဆေးရုံနှင့် နယ်မြေခံ ဆေးတပ်ရင်းများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နမ့်ဖတ်ကာကျေးရွာနှင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးသိုင်းချောင်းမြို့ အနော်ရထာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်

ငါးသိုင်းချောင်း ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့သစ်ရပ်ကွက် အနော်ရထာလမ်းအား ကွန်ကရစ်လမ်းနှင့် Box Culvert အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့သစ်ရပ်ကွက် အနော်ရထာလမ်းအား အရှည် ၄၄၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ရှစ်လက်မကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အနော်ရထာလမ်းနှင့် ဗိုလ်ပန်းလမ်း Box Culvert ကိုလည်း ရန်ပုံငွေကျပ် ၂ ဒသမ ၆၃ သန်းဖြင့် အလျား ၁၀ ပေ၊ အနံ ၂ ဒသမ ၆ ပေနှင့် အမြင့်သုံးပေအား တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

○ မန်စီးတီးအသင်းမှ

တိုက်စစ်မှူးဟာလန်းဟာ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် အသင်းဖော်တွေဖြစ်တဲ့ ကီဗင်ဒီဘရိုင်း၊ ဂွါန်စတုန်း၊ အာဆင်နယ်အသင်းမှ ဆာကာ၊ မာတင်အိုဒီဂတ်နဲ့ စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်း(လက်ရှိဘိုင်ယန်မြူးနစ်)တို့ကို ကျော်လွန်ကာ ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဟာလန်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၅၁ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ပီအက်ဖ်အေရဲ့ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက်လည်း အမည်စာရင်းတင်သွင်းခံခဲ့ရပြီး အကောင်းဆုံးလူငယ်ကစားသမားဆုကိုတော့ အာဆင်နယ်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဆာကာက ရရှိခဲ့တာဖြစ်ပါတယ်။

ဆာကာဟာ အာဆင်နယ်အသင်းနဲ့အတူ ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းဂိုး ၁၄ ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်ထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ ဆာကာဟာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့သွားတဲ့ ဘရိုက်တန်ကစားသမား ကိုင်ဆီဒို၊ အက်စ်တွန်ဗီလာ ကွင်းလယ်ကစားသမား ဂျာကော့ဘ်ရမ်ဆေး၊ အာဆင်နယ်တိုက်စစ်မှူး မာတီနယ်လီနဲ့ ဘရိုက်တန်တိုက်စစ်မှူး အီဗန်ဖာဂူဆန်တို့ကို ကျော်ဖြတ်ကာ ပီအက်ဖ်အေရဲ့ တစ်နှစ်တာ လူငယ်ကစားသမားဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ချင်းရွှေဟော် ဩဂုတ် ၂၀**

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၉ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၁၂ ဒသမ ၇၁၅ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၃၇ ဒသမ ၇၂၉ အမေရိကန်ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၅၀ ဒသမ ၄၄၄ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ရော်ဘာ ၄၆၁၀ ဒသမ ၃၄၀ တန်၊ ပဲယဉ်း ၂၀၁၄ တန်၊ ပဲတီစိမ်း ၁၇၆၇ တန်၊ မြေထောက်ပဲ ၆၉၄ ဒသမ ၉၉၉ တန်၊ ပြောင်း ၂၀၅၄ ဒသမ ၇၅၀ တန်၊ စွန်တာနီပဲ ၈၁၆ တန်၊ ပဲနီကျား ၆၇၈ တန်၊ ထောပတ်ပဲ ၂၃၈ တန်၊ နှမ်းနက် ၁၆၉ ဒသမ ၅၀ တန်နှင့် ပဲလွန်းဖြူ ၃၂၃ ဒသမ ၂၅ တန် ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓာတ်မြေဩဇာ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်း (လုပ်ငန်းသုံး)၊ ဆေးဝါးပစ္စည်းများနှင့် တာယာနှင့် ကျွတ်များ တင်သွင်းနိုင်ခဲ့သည်။

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် ဩဂုတ် ၂၀**

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အတွင်း ပို့ကုန်တင်ပို့မှု ငါးကြိတ်သား တစ်တန်လျှင် ဒေါ်လာ ၁၈၂၀ နှုန်းဖြင့် ၂၁ ဒသမ ၆ တန်အား အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းဖြင့် မော်တောင် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပရာကျွတ်ကရီခမ်ခရိုင်သို့ တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၈၄၁ ဒေါ်လာနှုန်းဖြင့် တန် ၃၇၀၀၊ ပုစွန်စာတစ်တန်လျှင် ၁၃၀၉ ဒေါ်လာနှုန်းဖြင့် တန် ၁၈၀ တင်သွင်းခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ကျပ် ၃၂၁၀ နှင့် ဒီဇယ်တစ်လီတာ ကျပ် ၃၂၀၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဒေသ ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၁၀၈ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# မိုးညိုမြို့နယ်တွင် မိုးကြိုနှမ်းများ ရိတ်သိမ်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ်

**ပဲခူး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်ဧက ၂၉၅၄၈ ဧက စိုက်ပျိုးလျက်ရှိရာ မိုးကြိုနှမ်းများမှာ ခုနစ်လပိုင်းမှ စတင်ထွက်ရှိပြီး ယခုအချိန်တွင် နှမ်းများလှိုင်လှိုင် ထွက်ပေါ်လျက်ရှိကာ တောင်သူများအနေဖြင့် ထွက်ရှိလာသော နှမ်းများကို စားသုံးဆီအတွက် အနည်းငယ်ချန်ထားပြီး



ကျန်နှမ်းများကို နှမ်းအမျိုးအစားလိုက်သော်လည်းကောင်း၊ အစိုဓာတ်ပေါ် မူတည်၍လည်းကောင်း ၁၆ ပိဿာပါ တစ်တင်းလျှင် အနည်းဆုံး ကျပ် ၉၀၀၀၀ မှ အများဆုံး ကျပ် ၁၀၂၀၀၀ ဖြင့် ဝယ်ယူလျက်ရှိရာ တစ်နေ့လျှင် နှမ်းတင်းပေါင်း ၂၀၀ ခန့် မိုးညိုမြို့ရှိ ပွဲရုံများမှ ဝယ်ယူလျက်ရှိကြောင်း၊ ပွဲရုံများမှ ဝယ်ယူထားသော နှမ်းများကို အောင်လံပွဲရုံများသို့ လည်းကောင်း၊ ပြည်မြို့ပွဲရုံများသို့ လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည့်အပြင် ကွင်းအရောက်ဆင်း၍ဝယ်ယူကြသော မန္တလေးဒေသမှ ပွဲစားများထံသို့လည်း ပြန်လည် ရောင်းချလျက်ရှိကြောင်း သိရသည်။

# ငှက်ပျောစိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိ

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ငှက်ပျောခြံများ တိုးချဲ့စိုက်ပျိုးလာကြပြီး မိမိတို့အိမ်ခြံဝင်းအတွင်း အပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ဒေသတွင်း စိုက်ပျိုးသည့် မျိုးများအနေဖြင့်



ဖီးကြမ်းငှက်ပျော (ရိုးရိုး)နှင့် ဖီးကြမ်း (ကျောက်စိမ်း)မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ငှက်ပျောသားတက်ပင် တစ်ပင်လျှင် ကျပ် ၃၅၀ နှုန်းဖြင့် ကနီမြို့နယ်မှ ဝယ်ယူပြီး တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့် စိုက်ပျိုးရကြောင်း၊ ငှက်ပျောစိုက်ပျိုးပြီး ၁၃ လသားအရွယ်တွင် ငှက်ပျောအခိုင် စတင်ထွက်ရှိ၍ တစ်ပင်လျှင် တစ်ခိုင်ထွက်ရှိပြီး တစ်ခိုင်လျှင် ၁၀ ဖီးခန့်ပါရှိရာ ရောင်းတန်းဝင် ငါးဖီး ခုတ်ယူရကြောင်း၊ မြေဆီ မြေသား ကောင်းမွန်မှုနှင့် ရေရရှိမှုအပေါ်မူတည်၍ ငှက်ပျောစိုက်ပင် သက်တမ်းငါးနှစ်မှ ခုနစ်နှစ်ခန့်အထိ ရောင်းတန်းဝင် ငှက်ပျောခိုင်များ ထွက်ရှိကြောင်း၊ ထွက်ရှိသော ငှက်ပျောများကို မြို့ပေါ်ရှိ ကုန်သည်များမှ တစ်ဖီးလျှင် ကျပ် ၁၀၀၀-၁၂၀၀ နှုန်းဖြင့် ငှက်ပျောခြံသို့ လာရောက်ဝယ်ယူကြပြီး မြို့တွင်း လက်လီဈေးများသို့လည်း ပြန်လည်ရောင်းချမှုများ ရှိသောကြောင့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိ၍ တွက်ခြေကိုက်ကာ အဆင်ပြေနေကြောင်း သိရသည်။

# ပြည်ခရိုင် မြို့နယ်အချို့၌ ဝါသီးနှံများ စတင်စိုက်ပျိုး

**ပဲခူး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့တွင် မိုးလယ်ကာလ၌ ဝါသီးနှံများ စတင်စိုက်ပျိုးလျက်ရှိရာ ဝါမျိုးစေ့တစ်ထုပ်လျှင် ကျပ် ၅၀၀၀၀ ကျော်ခန့်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးသည့် မျိုးစေ့အနေဖြင့် "တစ်စေ့ဝါ" မျိုးများကို စိုက်ပျိုးကြရာ စိုက်ပျိုးပြီး သုံးလခွဲ လေးလအကြာတွင် စတင်ထွက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ခန့်မှန်းအထွက်နှုန်းအနေဖြင့် ပုံမှန်မြေဖြစ်ပါက ဝါပိဿာချိန် ၅၀၀ ခန့် ထွက်ရှိပြီး မြေကောင်း၍ သွင်းအားစုများများသုံးနိုင်လျှင် ပိဿာချိန် ၈၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

### ၃၀- ၈-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၄၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၈၅၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၈၃၀၀ | ၁၉၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၄၆၀၀ | ၇၃၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၄၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၈၀၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၆၂၀၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၄၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၄၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၈၅၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၉၅၀၀ | ၆၅၀၀ | ၃၃၀၀ | ၂၈၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၇၅၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၇၀၀ | ၈၇၀၀ | ၄၆၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၇၅၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၇၀၀ | ၈၇၀၀ | ၅၀၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။

(၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် မန္တလေးတွင် ၁၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မကွေးတွင် ၃၀၀ကျပ်၊ ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်နှင့် ပုသိမ်တွင် ၁၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ပြည်တွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ် ၊ စစ်တွေတွင် ၃၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀ကျပ် ၊ စစ်တွေတွင် ၅၀၀ကျပ် ၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀ကျပ် ၊ မြိတ်တွင် ၁၀၀ကျပ် ၊ ဝက်သား ၊ အမဲသား နှင့် ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပုသိမ်တွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးနှင့် စစ်တွေတွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်တွင် ၅၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပြည်တွင် ၂၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၀-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) | စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) | စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| ၅၅၀၃။ | ဗိုလ်မှူးကြီးစန်းမြင့်ဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြဝင်း၊ (သား) ဒေါက်တာကောင်းမြတ်၊ ဒေါက်တာအေးပွင့်ဖြူ (မြေး)မောင်ထူးကျော်မိသားစုကောင်းမှု | ၅၀၀၀၀၀၀ | ၅၅၂၁။ | ဗိုလ်မှူးသိန်းဇော်ဇော်နှင့်ဇနီး ဒေါ်ကေခိုင်ဦး၊ (သမီး)မကြည်ရှင်းခန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၀။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်သွယ်သွယ်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၄။ | ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၂)မှ ကျောင်းဆင်းအရာရှိများနှင့်မိသားစုများကောင်းမှု | ၄၅၀၀၀၀၀ | ၅၅၂၂။ | ဒုတိယဗိုလ်မှူးကြီးကျော်စိုးအောင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၁။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်နီနီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၅။ | ဒေါက်တာစည်သူခန့်နှင့်ဇနီး ဒေါက်တာဇင်လတ်ဖြိုး၊ (သား)မောင်ထူးမြတ်ခန့်၊ (သမီး)မအေးမြမေခန့်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ | ၅၅၂၃။ | ဦးညွန့်လှိုင်နှင့်ဇနီး ဒေါ်သန်းအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၂။ | ဦးကျော်မင်းနှင့်ဇနီး ဒေါ်မာလာရင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၆။ | (ဗိုလ်မှူးချုပ်ထွေးဝင်း)နှင့်ဇနီး ဒေါ်လှလှဝေမိသားစုကောင်းမှု | ၁၅၀၀၀၀၀ | ၅၅၂၄။ | မိဘများဖြစ်ကြသော ဦးကျော်စိန်(ရဲဝန်ထောက်)နှင့် ဒေါ်နှင်းလှိုင်တို့အားရည်စူး၍ ဦးတင်ဝင်း(လက်ထောက် စက်ရုံမှူး-ငြိမ်း၊ ရေနံစက္ကူစက်)နှင့်ဇနီး ဒေါ်မြမြဝင်း (အ. ထ. ပြငြိမ်း)သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၃။ | ဒေါ်ငွေဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၇။ | ဦးမင်းမင်းထွန်းနှင့်ဇနီး ဒေါ်နန်းခင်စီ၊ (သမီး)မမြတ်သဥ္ဇာမင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ | ၅၅၂၅။ | ဒေါ်တင်တင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၄။ | ဒေါ်သန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၈။ | ဦးစိုင်းငွေစိုးနှင့်ဇနီး ဒေါ်နန်းမေသောင်းခင်၊ (သမီး) မနန်းစိုးခင်သွန်းထိုက်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ | ၅၅၂၆။ | ဒေါ်အေးသီတာခိုင်၊ ဒေါ်ဖြိုးဝေအေးနှင့် ဒေါ်ယမင်းထက်ကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၅။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်မူမူခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၀၉။ | ဦးကျော်ဇင်မင်းနှင့်ဇနီး ဒေါ်ခင်ချိုပြုံးမိသားစုကောင်းမှု | ၉၀၀၀၀၀ | ၅၅၂၇။ | ဒေါ်ခင်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၆။ | ဦးဇော်ဟိန်းနှင့်ဇနီး ဒေါ်ယမင်းအောင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၀။ | ဗိုလ်မှူးကြီးစိန်ဝင်းနှင့်ဇနီး ဒေါ်ခင်မာငွေမိသားစုကောင်းမှု | ၇၀၀၀၀၀ | ၅၅၂၈။ | ဦးတင်အေးနှင့်ဇနီး ဒေါ်ကြူကြူမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၇။ | ဦးကျော်စန်းနှင့်ဇနီး ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၁။ | ဒုတိယအရာခံဗိုလ်ဝင်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်း၊ (သမီး) မဆုထက်လှိုင်၊ မအိပြည့်စုံငြိမ်းမိသားစုကောင်းမှု | ၇၀၀၀၀၀ | ၅၅၂၉။ | ဦးစောဝင်းနောင်နှင့်ဇနီး ဒေါ်စိုးစိုးနွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၈။ | ဦးညွန့်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၂။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်စောအားရည်စူး၍ ခင်ပွန်း ဦးမောင်မောင်လွင်(အရာခံဗိုလ်-ငြိမ်း)မိသားစုကောင်းမှု | ၇၀၀၀၀၀ | ၅၅၃၀။ | ဦးစိုင်းမောင်ဟိန်းနှင့်ဇနီး ဒေါ်ကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၄၉။ | ဒေါ်ခင်မိုးနှင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၃။ | ဦးသီဟနိုင်ထွန်း၊ ဒေါ်ခင်သူလင်း၊ ရင်တွင်းသဒ္ဓါပီတိဖြာတိုင်းရင်းသားညီအစ်ကိုမောင်နှမများကောင်းမှု | ၆၀၀၀၀၀ | ၅၅၃၁။ | ဦးအောင်မြတ်နှင့်ဇနီး ဒေါ်ပန်းရင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၀။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၄။ | ဦးထွန်းအောင်ကျော်နှင့်ဇနီး ဒေါ်ငွေကြည် မိသားစုကောင်းမှု | ၃၀၀၀၀၀ | ၅၅၃၂။ | (ဦးအောင်ရွှေနှင့်ဇနီး ဒေါ်အေးသန်း)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၁။ | ဒေါ်ကျင်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၅။ | ကွယ်လွန်သူ ဦးသန်းညွန့်အားရည်စူး၍ ဒေါ်မြစန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ | ၅၅၃၃။ | ဦးအောင်မင်းနှင့်ဇနီး ဒေါ်ခင်သူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၂။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်ချောစုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၆။ | ဦးတင်အောင်ရှိန်နှင့်ဇနီး ဒေါ်ခင်မြဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ | ၅၅၃၄။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်မာမာညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၃။ | ဦးမောင်ထိုက်နှင့်ဇနီး ဒေါ်သက်ထားခင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၇။ | ဦးလှရွှေနှင့်ဇနီး ဒေါ်တင်နွဲ့၊ (သမီး) မသင်းသင်းမာ၊ မအေးအေးမာမိသားစုကောင်းမှု | ၂၀၀၀၀၀ | ၅၅၃၅။ | ဦးဝင်းညွန့်နှင့်ဇနီး ဒေါ်စုမွန်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၄။ | ဦးဝင်းဖေနှင့်ဇနီး ဒေါ်တင်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၈။ | အစ်မကြီး ဒေါ်လှဲ့လှဲ့ဝေနှင့် အေး၊ မြ၊ ညို၊ စိုး၊ ထွေး မောင်နှမများကောင်းမှု | ၂၀၀၀၀၀ | ၅၅၃၆။ | ဆရာလေး ဒေါ်သုကေသီကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၅။ | ကွယ်လွန်သူ ဦးဝေလင်းထွန်း(ခ)ဦးနွယ်ဦးအား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၁၉။ | အာဆီယံရေးရာဦးစီးဌာန(နိုင်ငံခြားရေးဝန်ကြီးဌာန)ကောင်းမှု | ၁၁၂၀၀၀ | ၅၅၃၇။ | ဦးစိုးညွန့်နှင့်ဇနီး ဒေါ်လှဲ့လှဲ့ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၆။ | ဦးဝင်းဆောင်နှင့်ဇနီး ဒေါ်ခင်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၅၂၀။ | ဦးဇင်လင်းအောင်နှင့်ဇနီး ဒေါ်စုစုဝင်း၊ (သမီး)မမေမြင့်မိုရ်သော်မိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၃၈။ | ဦးမျိုးမင်းဟန်နှင့်ဇနီး ဒေါ်ဝါဝါစမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၇။ | ဦးသန်း၊ ဒေါ်မိုးရီနှင့် ဒေါ်အေးမာကောင်းမှု | ၁၀၀၀၀၀ |
| | | | ၅၅၃၉။ | ဦးမျိုးဆွေနှင့်ဇနီး ဒေါ်တင်နွယ်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ | ၅၅၅၈။ | ဦးလှတင်အားရည်စူး၍ ဒေါ်ခင်မိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| | | | | | | ၅၅၅၉။ | ဒေါ်သင်းသင်းမော်၊ (သား)မောင်မင်းသွင်၊ (သမီး) အေးသီရိအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| | | | | | | ၅၅၆၀။ | ဒေါ်ကြည်ကြည်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| | | | | | | ၅၅၆၁။ | ဦးစိုးထွန်းအောင်နှင့်ဇနီး ဒေါ်ခင်သီတာထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

